မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စေတနာမိုးတို့ သွန်းဖြိုးရာ အောင်ဇေယျ စစ်မှုထမ်းဟောင်းအိမ်ရာ

နေပြည်တော် နိုဝင်ဘာ ၂၄

၂၀-၁၀-၂၀၀၉ရက်နေ့က ကျင်းပသည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် အောင်ဇေယျအိမ်ရာစီမံကိန်း အမြဲတမ်း ဆေးအဆင့်နိမ့် မသန်စွမ်းစစ်မှုထမ်းဟောင်းများအတွက် ဒုတိယအကြိမ် အိမ်ရာအလုံး၅၀ အပ်နှံနေရာချထားပွဲ အခမ်းအနားသို့ စာရေးသူ တက်ရောက်ခွင့်ရခဲ့သည်။ ၂၄-၃-၂၀၀၉ရက်နေ့ ပထမအကြိမ် အိမ်ရာအလုံး ၅၀ အပ်နှံပွဲအခမ်းအနား ကျင်းပခဲ့စဉ်ကလည်း စာရေးသူ တက်ရောက်ခဲ့ရသည်။ ယခု ဒုတိယအကြိမ်နှင့်ဆိုလျှင် အိမ်ရာအလုံး ၁၀၀ အပ်နှံနေရာချထားပေးနိုင်ခဲ့ပြီး ဖြစ်သည်။

လမ်းညွှန်ချက်နှင့်အညီ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးသည် *စာမျက်နှာ ၃ ကော်လံ ၁* ❐

ဆောက်လုပ် အပ်နှံ နေရာချထားပြီး အိမ်ရာ အချို့မြင်ကွင်းကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း- ကျော်ကျော်(၁၆)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း

ကျော်ကျော် (၁၆)

စာမျက်နှာဖွဲ့စည်းမှု-ယဉ်ယဉ်အေး(မြန်မာ့အလင်း)

မြန်မာ့အလင်း ဆောင်းပါးအသွန်း

မင်းအားကျအောင် ပြောတာ မဟုတ်ဘူး သူငယ်ချင်း။ တကယ့်ကို ရင်ထဲကကြည်နူးမှုတွေကို မင်းသိစေချင်လို့ပါ။ ပန်းစည်းဆက်တဲ့ မိဘပြည်သူတွေရဲ့ ဝမ်းသာကြည်နူးမှုတွေက ငါတို့ရဲ့ ဆုံးဖြတ်ချက်တွေကို ပိုပြီးခိုင်မာစေတယ် သူငယ်ချင်း။ ဒို့တပ်ဖွဲ့ဝင်အများစုက နယ်စပ်မှာ အနေများလို့ ဒီလို မြို့ကြီးပေါ်မှာ ရပ်ရွာလူထုက ထောက်ခံ၊ အားပေး၊ ဂုဏ်ပြုချီးကျူးခံရတာ လုံးဝမကြုံဖူးဘူး သူငယ်ချင်း။ ငြိမ်းချမ်းရေးအရသာကို မဆုံးရှုံးချင်တော့တဲ့ မိဘပြည်သူတွေရဲ့ အားပေးထောက်ခံမှုကတော့ ငါ့ဘဝတစ်သက် မမေ့နိုင်တဲ့ မြင်ကွင်းပါပဲကွာ။

ယိမ်းနန်း၏ မျှော်လင့်မထားသော အတွေ့အကြုံများ ဆောင်းပါး စာ- ၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာသော ဗန်းမော်

နေပြည်တော် နိုဝင်ဘာ ၂၄

မြန်မာ့အလင်းသတင်းအဖွဲ့ ဗန်းမော်မြို့သို့ရောက်ရှိခဲ့စဉ် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ဗန်းမော်ခရိုင်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည့် မြင်ကွင်းအဖုံဖုံကို မြင်တွေ့ခဲ့ရသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ✻

သတင်းခရီးသည် - မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)

စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ဗန်းမော်တက္ကသိုလ်

ဗန်းမော်တက္ကသိုလ်အဆောက်အအုံကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၅ ရက်)

ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ ကြိုးပမ်းမှုများ အထောက်အကူပြု

ဘက်မလိုက်နိုင်ငံ အကြီးအကဲများ၏ဖိုရမ်၊ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေး၊ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး၊ (၃၆)ကြိမ်မြောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးညီလာခံတို့ကို အီတလီနိုင်ငံ ရောမမြို့၌ နိုဝင်ဘာလ ၁၅ရက်နေ့မှ ၂၀ရက်နေ့အထိ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး၏ ကြေညာစာတမ်းကို တင်သွင်းအတည်ပြုခဲ့ကြပြီး အစည်းအဝေးတက်ရောက်လာသူများက မိန့်ခွန်းအသီးသီး ပြောကြားခဲ့ကြသည်။ ယင်းအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များ၊ စားနပ်ရိက္ခာဖူလုံရေး အထောက်အကူပြုသည့် စိုက်ပျိုးရေးကြိုးပမ်းဆောင်ရွက်မှုများ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (၃၆)ကြိမ်မြောက်ညီလာခံတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အစည်းအဝေး၏ ရည်ရွယ်ချက်များဖြစ်သည့် စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုမည့် မူဝါဒများ ကျယ်ကျယ်ပြန့်ပြန့် ချမှတ်ဆောင်ရွက်ရေး၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ငွေကြေးအကျပ်အတည်းကာလ၊ စားနပ်ရိက္ခာဖူလုံမှုအခက်အခဲများ ကျော်လွှားဖြေရှင်းရန် ကြိုးပမ်းနေချိန်တွင် တောင်သူလယ်သမားများ လက်ငင်းထိရောက်စွာ အကျိုးရှိနိုင်မည့် စိုက်ပျိုးရေရရှိရေး၊ သွင်းအားစုများပံ့ပိုးရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစေမည့် ရေသွင်းစိုက်ဧကတိုးမြှင့်၍ စားနပ်ရိက္ခာထုတ်လုပ်မှု တိုးတက်စေရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့် စားနပ်ရိက္ခာထုတ်လုပ်မှု မထိခိုက်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ထည့်သွင်းပြောကြားခဲ့သည်။

ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လယ်ယာကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ နာဂစ်မုန်တိုင်းဒဏ်ခံဒေသများတွင် ဆိုင်ကလုန်းကာကွယ်ရေးအဆောက်အအုံများ ဆောက်လုပ်ရေးကိစ္စများနှင့် အပူပိုင်းဇုန်ဒေသ ရေရရှိရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့် စားနပ်ရိက္ခာထုတ်လုပ်မှု မထိခိုက်စေရေး ကြိုးပမ်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဆွေးနွေးချက်များသည် အဖွဲ့ဝင်နိုင်ငံများ၏ လက်တွဲပူးပေါင်းဆောင်ရွက်မှုများဖြင့် ပိုမိုတိုးတက်အောင်မြင်လာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)
(၂၆-၁၁-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် **(အာဋာနာဋိယသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိ အသိရှိစေဖို့ (ရှိခိုးကန်တော့ခြင်း)
၈:၃၅ တေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ မင်္ဂလာလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (စိုးသူ)
၁၁:၄၅ သိပ္ပံပညာသိကောင်းစရာ (နဝမမြောက်ဂြိုဟ်-ပလူတို)(အပိုင်း-၁)
၁၁:၅၅ တေးသီချင်း
၁၂:၀၀ စံတော်ချိန် တေးပဒေသာ
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (အနုပညာတို့စုဝေးရာ မန္တလေးမြို့တော်၊ သာရဝေါ-စိုးကြည်)
၁၂:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ အမှတ်တရတေးလက်ဆောင်
၁၇:၀၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (ထိပ်ဆုံးက အမေ)
၁၇:၁၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ သီချင်းပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ဆောင်းနှင့်အတူ)
၁၈:၄၀ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ သုတစုံကြွယ်သိစေဖွယ် (စကားလုံးများရဲ့စွမ်းအား)
၁၉:၄၀ ရေဒီယိုအတိုတိုတေးအရိပ်
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (တေးသံရှင်မိုးမိုးနဲ့ ယုမိတို့ဇနီးမောင်နှံ)
၂၀:၅၀ တေးသံစုံ (စန္ဒရားနီနီအဖွဲ့)
၂၁:၀၀ စီးပွားရေးဦးတည်ချက် ဆောင်းပါး (စိတ်ကောင်းထားခြင်းနှင့် စိတ်ထားကောင်းခြင်း)
၂၁:၁၅ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၂၅-၁၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မေးမြန်းစူးစမ်း
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၃၀ ၉။ ကျန်းမာသုတ
၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ Mail Box
၆:၃၅ ၁၄။ ကာတွန်းအစီအစဉ် **မှော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၂၅)
၆:၄၅ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲကပန်းတစ်ပွင့်** (အပိုင်း-၂၂)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု နည်းပညာမြင့်မားစိုက်ပျိုးရေး ကဏ္ဍများ
၂၂။ ဖြေလိုက်ပါ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ **Champion League of Boxing Super Six Middleweight Classic Andre Ward & Mikkel Kessler**

မော်လမြိုင်ကျွန်း၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် စံကွက်ရိတ်သိမ်းနည်းစနစ် လက်တွေ့သင်ကြားပြသ

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၄

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာအုပ်စု နတ်မင်းကြီးကျေးရွာ ကွင်းအမှတ်(၁၃၀၁) ဦးပိုင်အမှတ်(၁၇/၁) တွင် စိုက်ပျိုးထားသော တောင်သူလယ်သမား ဦးအောင်ဆန်း၏ မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် စံကွက်ရိတ်သိမ်းနည်းစနစ် လက်တွေ့သင်ကြားပြသပွဲကို နိုဝင်ဘာ ၁၅ရက် နံနက် ၉နာရီက နတ်မင်းကြီးကျေးရွာ စံကွက်ရိတ်သိမ်းသည့်လယ်မြေ၌ ကျင်းပသည်။

ယင်းစံကွက်ရိတ်သိမ်းပွဲသို့ လပွတ္တာခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူလယ်သမားများက မိုးစပါးစံကွက်ကို စုပေါင်းရိတ်သိမ်းကြသည်။

ထို့နောက် ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက မြို့နယ်မြေစာရင်းဦးစီးဌာနဝန်ထမ်းများအား မိုးစပါးစံကွက်ရိတ်သိမ်းနည်းစနစ်များကို လက်တွေ့သင်ကြားပြသပေးသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးစိုးလင်းနှင့် အင်ယင်တန်း အင်ဂျင်နီယာ(၂)ဦးဆန်းဝင်းတို့ နိုဝင်ဘာ ၁၀ရက်က ဗန္ဓုလလမ်းတံတားအမှတ်(၁)ကွန်ကရစ်ခင်းခြင်း ပြန်လည်ပြုပြင်မှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **တရားအစွမ်းအံ့မခန်းဒေသနာ** တရားတော် (ရေနံချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၇)
၈:၃၀ Sports World (Fins Season)
၈:၅၅ **တစ်ပြည်ဝင်အိုး** အကယ်ဒမီဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ အကယ်ဒမီနွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော် [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
၉:၁၅ စားချင်စဖွယ် ဒေသထုတ်ဇလွန်ချင်းသုပ်
၉:၂၅ အားကစားမြင်ကွင်းစုံ (ဦးတင်အောင်မြင့်၊ ဦးသိန်းငွေ)
၉:၅၅ အလိုတော်ပြည့်ပါစေ
၁၀:၁၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ခင်မောင်သွင်)
၁၀:၅၅ Industrial Talk
၁၁:၃၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ပြင်သစ်အစားအစာပြုလုပ်နည်း)
၁၁:၅၀ လုံခြုံစိတ်ချ မိခင်ဘဝ (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၂:၁၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Blazon Kids Zone)
၁၂:၃၀ တေးဂီတအစီအစဉ်
၁၂:၄၅ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ…
၁:၀၀ **တရားအစွမ်းအံ့မခန်းဒေသနာ** တရားတော် (ရေနံချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ **စကားနပန်း** ရောဂါဖြစ်တာကောင်းတယ် ရောဂါမဖြစ်တာကောင်းတယ်
၃:၄၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ(ရေပုတ်သင်မွေးမြူရေး)
၄:၀၅ အလိုတော်ပြည့်ပါစေ
၄:၂၀ Activities in the City (Ta-Fa Trading Co.,Ltd. ၏ အရောင်းပြခန်းဖွင့်ပွဲ)
၄:၃၅ MRTV-4 ကျန်းမာရေးကဏ္ဍ (ဂရုစိုက်ကာကွယ် မျက်စိအန္တရာယ်)
၅:၀၅ **တစ်ပြည်ဝင်အိုး** အကယ်ဒမီဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ အကယ်ဒမီနွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော် [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဓာတ်ပုံထဲမှအမှတ်တရများ (အဆိုတော် Cobra နှင့် ခင်မဥ္ဇူခိုင်တို့၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၆:၅၀ ဗီဒီယိုပြခန်း
၇:၁၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Blazon Kids Zone)
၇:၂၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ခင်မောင်သွင်)
၈:၀၀ MRTV-4 သတင်း
၈:၂၀ **စကားနပန်း** ရောဂါဖြစ်တာကောင်းတယ် ရောဂါမဖြစ်တာကောင်းတယ်
၉:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ**(အပိုင်း-၇)
၁၀:၀၀ ဓာတ်ပုံထဲမှအမှတ်တရများ (အဆိုတော် Cobra နှင့် ခင်မဥ္ဇူခိုင်တို့၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၁၀:၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၅၀ ဗီဒီယိုပြခန်း
၁၁:၀၅ Industrial Talk
၁၁:၃၅ **အလျော့်အစား** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၁:၅၀ သီးနှံတို့၏အရင်းအမြစ် "ရေ"
၁၂:၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Hull City - Everton	ESPN(Live)

❒ ရှေ့ဖုံးမှ

တပ်မတော်တွင် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ရှေ့တန်းစစ်မြေပြင်၌ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်ရင်း ရန်သူလက်နက်ဖြင့် ထိခိုက်ဒဏ်ရာ ရရှိပြီး ကိုယ်အင်္ဂါအစိတ်အပိုင်းအသီးသီး စွန့်လွှတ်ခဲ့ရသော အမြဲတမ်း ဆေးအဆင့်နိမ့် စစ်သည်များ၊ သက်ပြည့်အငြိမ်းစား စစ်သည်ဟောင်းများ၊ တိုက်ပွဲကျဆုံး/သေဆုံးစစ်သည် မိသားစုများနှင့် အကြောင်းအမျိုးမျိုးဖြင့် တပ်မတော်မှ အငြိမ်းစားယူခဲ့သည့် စစ်သည်ဟောင်းများအား တိုင်းစစ်ဌာနချုပ်အလိုက် အိမ်ရာများ ဆောက်လုပ် နေရာချထားပေးသည့် လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းစစ်ဌာနချုပ် အသီးသီး၏ အိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ်တွင်လည်း လိုအပ်သည်များ ကူညီပံ့ပိုး၍ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

အိမ်ရာများသို့ ရေပေးဝေသည့် ဂါလန်၇၂၀၀ဆံ့ Over Head Tank များ။

အိမ်ရာအပ်နှံ

အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အောင်ဇေယျစစ်မှုထမ်းဟောင်း အိမ်ရာစီမံကိန်းမှာ ချင်းတွင်းတံတား (မုံရွာ)အတိုင်းဖြတ်ကူးပြီး ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်း မုံရွာခရိုင် ယင်းမာပင်မြို့နယ် မုံရွာ-ယာကြီး-ကလေးဝကားလမ်း (ယင်းမာပင်၊ ပုလဲ၊ မုံရွာလမ်းဆုံ) မိုင်တိုင်အမှတ် (၁/၆)တွင် တည်ရှိပါသည်။ အကျယ်အဝန်း ၃၀ ဒသမ ၈၈ ဧကတွင် လက်ရှိပေ ၄၀×ပေ ၆၀မြေကွက်ပေါင်း ၃၇၉ကွက်ဖော်ထုတ်ပြီးဖြစ်ပါသည်။ ဖော်ထုတ်ပြီးမြေကွက် ၃၇၉ကွက်အနက် မုံရွာ-ယာကြီး-ကလေးဝကားလမ်း၏ တောင်ဘက်နှင့် မြောက်ဘက် ပေ ၁၀၀အကွာစီတွင် အိမ်ရာအလုံး ၁၀၀ ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ယခုကဲ့သို့ ဒုတိယအကြိမ် အိမ်ရာအပ်နှံ နေရာချထားခြင်း အခမ်းအနားဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

သောက်သုံးရေဖြန့်ဝေ

မသန်စွမ်းစစ်မှုထမ်းဟောင်းအိမ်ရာများဆောက်လုပ်ရာတွင် အရာခံအဆင့်အိမ်ရာ၊ အကြပ်ကြီးအိမ်ရာနှင့် အကြပ်/တပ်သားအိမ်ရာဟူ၍ သုံးမျိုးသတ်မှတ်ဆောက်လုပ်ပေးသည်။ အရာခံအိမ်ရာသည် အလျား ၂၇ပေ၊ အနံ ၂၄ပေကျယ်၍ ဧည့်ခန်း၊ ဘုရားခန်း၊ အိပ်ခန်းနှစ်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်နှင့်ဝရန်တာများ ပါဝင်သည်။ အကြပ်ကြီးအိမ်ရာမှာ အလျား ၂၅ပေ၊ အနံပေ ၂၀ကျယ်ပြီး ဧည့်ခန်း၊ ဘုရားခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်တို့ ပါဝင်သည်။ အကြပ်/တပ်သားအိမ်ရာမှာ အလျား ၁၈ပေ၊ အနံ ၁၈ ပေကျယ်ပြီး ဧည့်ခန်း၊ ဘုရားခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်တို့ပါဝင်သည်။ အိမ်ရာအားလုံး အုတ်ဖိနပ်ခံ၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ပျဉ်ထောင်၊ သွပ်မိုး အဆောက်အအုံများဖြစ်သည်။ အိမ်ရာများသို့ လျှပ်စစ်မီးပေးဝေသည့် 315 KVA ထရန်စဖော်မာတပ်ဆင်ပြီးစီးပြီး ဖြစ်သည့်အပြင် ရေပေးဝေသည့် ရေဂါလန် ၇၂၀၀ဆံ့ Over Head Tank နှင့် ရေဂါလန် ၃၀၀၀၀ဆံ့ Ground Tank တို့ကိုလည်း ဆောက်လုပ်ပြီး ဖြစ်သည်။ ဆောက်လုပ်ပြီး အိမ်ရာ အားလုံးသို့ သွယ်တန်းပြီး ပိုက်လိုင်းများဖြင့် လျှပ်စစ်မီးနှင့် သောက်သုံးရေ ဖြန့်ဝေပေးထားပြီး ဖြစ်ပါသည်။

အခမဲ့ထောက်ပံ့

နိုင်ငံနှင့်ပြည်သူအတွက် စွန့်လွှတ်စွန့်စားရင်း ကိုယ်အင်္ဂါ အစိတ်အပိုင်းအချို့ စွန့်လှူခဲ့ရသည့် မသန်စွမ်းစစ်သည်ဟောင်းများ၏ စိတ်ဓာတ်ရေးရာ တိုးတက်ကောင်းမွန်စေရေး ရည်မှန်းပြီး အိမ်ထောင်စု ၁၀၀အတွက် ရေမီးအပြည့်အစုံဖြင့် အိမ်ရာအလုံး၁၀၀ကို ပံ့ပိုးဖြည့်ဆည်း နေရာချထားပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ သက်ဆိုင်ရာကော်မတီ၏ စနစ်တကျ စိစစ်ရွေးချယ်မှုဖြင့် မိသားစု ၁၀၀အား အခမဲ့ထောက်ပံ့ပေးအပ် နေရာချထားခြင်း ဖြစ်သည်။

မသန်သော်လည်း စွမ်းပါသေးသည်။

မသန်တော့သော်လည်း နိုင်ငံနှင့်ပြည်သူအတွက် တစ်ထောင့် တစ်နေရာမှ စွမ်းဆောင်တာဝန်ကျေကြသည်မှာ ပကတိအရှိတရား ဖြစ်ပါသည်။ မသန်တော့ပေမယ့် အရှုံးမပေးဘဲ ကြိုးပမ်းစွမ်းဆောင်နေသည့် စစ်မှုထမ်းဟောင်းတစ်ဦး....၊ သူ့ကို မှီခိုရသော မိသားတစ်စု၊ လူသား ၃-၄-၅ဦး။ ယခုတော့ နိုင်ငံတော်၏ စေတနာ၊ မေတ္တာတရားတို့ကြောင့် အမိုး အကာ၊ ရေ၊ မီးအစုံဖြင့် အရိပ်အာဝါသ အောက်တွင် တင့်တောင့်တင့်တယ် မှီခိုနေထိုင်ခွင့်ရလိုက်ပါပြီ။ အိမ်ရာအလုံး ၁၀၀ဆိုတော့ လူသားသုံး လေးငါးရာတို့ နိုင်ငံတော်၏ စေတနာ အရိပ်အောက် ရောက်ခဲ့ပါပြီ။ စာရေးသူ အမှန်ပင် မုဒိတာပွားမိပါသည်။

ဝမ်းမြောက်ဖွယ်

တိုင်းစစ်ဌာနချုပ်အလိုက် စစ်မှုထမ်းဟောင်းအိမ်ရာများ ဆောက်လုပ်အပ်နှံ နေရာချခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းကို အသိအမှတ်ပံ့ပိုးပြုသည့် အနေဖြင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းညီလာခံ (၂၀၀၉)မှနေ၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် စစ်မှုထမ်းဟောင်း နေအိမ်တစ်လုံးဆောက်လုပ်ရန်အတွက် ငွေကျပ် ငါးသိန်းစီကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ ထောက်ပံ့ပေးအပ်ရန် လျာထားသတ်မှတ်လိုက်ပြီ ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ရာ သိရှိရပါသည်။

ဆက်လက်၍ အကောင်အထည်ဖော်ဦးမည့် စီမံကိန်းတွင် အမြဲတမ်းဆေးအဆင့်နိမ့်စစ်သည်များအပြင် သက်ပြည့်အငြိမ်းစားစစ်သည်၊ တိုက်ပွဲကျဆုံး/သေဆုံးစစ်သည်မိသားစုများနှင့် အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်စစ်သည်များအတွက် အောင်ဇေယျအိမ်ရာအနီး ဖော်ထုတ်မြေကွက်များတွင် သင့်တင့်သောနှုန်းထားဖြင့် မြေကွက်များ ချမှတ်ပေးသွားရန်လည်း အစီအစဉ်ပါရှိကြောင်း သိရှိရပါသည်။

၄င်းအပြင် စစ်မှုထမ်းဟောင်း အောင်ဇေယျအိမ်ရာအနီး မုံရွာ-ယာကြီး-ကလေးဝ ကားလမ်း၏ တောင်ဘက်၊ မြောက်ဘက်တို့တွင် ပွဲရုံ၊ ဈေးဆိုင်ခန်း၊ စာသင်ကျောင်း၊ ဈေးတန်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ရဲစခန်း၊ အားကစားကွင်း၊ ကုန်ထုတ်အလုပ်ရုံများစသည့် မြို့ပြအိမ်ရာလိုအပ်ချက်များ ပါဝင်သော အောင်ဇေယျမြို့ကွက်သစ်ကိုဖော်ထုတ်၍ နယ်ဘက်ဝန်ထမ်းများ၊ မြို့သူမြို့သားများအတွက် မြေကွက်များ ချထားပေးသွားဦးမည်ဖြစ်သည်။

ကြီးကြပ်ဆောင်ရွက်

အောင်ဇေယျ အိမ်ရာစီမံကိန်းကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးနာယကအဖြစ် ကွပ်ကဲသည့် ဦးစီးကော်မတီက ဦးဆောင်ပြီး အဆောက်အအုံဆောက်လုပ်ရေးကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးကော်မတီ၊ စာရင်းစစ်ဆေးရေးကော်မတီ၊ ပစ္စည်းစုဆောင်းရေးနှင့် သယ်ယူပို့ဆောင်ရေးကော်မတီ၊ အိမ်ရာမြေစိစစ်ရွေးချယ် နေရာချထားရေးကော်မတီ စသည်ဖြင့် ကော်မတီများ စနစ်တကျဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်သည်။ ဒုတိယတိုင်းမှူးနှင့် တိုင်းဦးစီးဗိုလ်မှူးကြီးတို့ကလည်း အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ပထမအကြိမ် အပ်နှံနေရာချပြီး အိမ်ရာအလုံး ၅၀၏ခြံဝင်းများအတွင်း စားသုံးသီးနှံအမျိုးမျိုးအပြင် သီးသန့်တာဝန်ပေးထားသော ကျွန်းသုံးပင်၊ယူကလစ် လေးပင် စိုက်ပျိုးခြင်းလုပ်ငန်းများ ဖြစ်ထွန်း အောင်မြင်လျက်ရှိကြောင်းတွေ့ရှိရသည်။ ယခု ဒုတိယအကြိမ် အပ်နှံသောအိမ်ရာ အလုံး ၅၀၏ အချို့အိမ်ရာခြံဝင်းများ၌ပင် စားသုံးသီးနှံ အချို့ စိုက်ပျိုးပြီးဖြစ်နေသည်ကိုလည်း တွေ့ရှိခဲ့ရသည်။ စီစဉ် ဆောင်ရွက်ပေးကြသူများက မေတ္တာ စေတနာအပြည့်ဖြင့် စီမံဖြည့်ဆည်းပေးခဲ့ကြသကဲ့သို့ အိမ်ရာရရှိနေထိုင်ကြသည့် စစ်မှုထမ်းဟောင်းမိသားစုများကလည်း ကျေးဇူးတုံ့ပြန်ခြင်းအလှတို့ဖြင့် အပြန်အလှန် တာဝန်ကျေပွန်ကြခြင်းဟု ခံစားရသည်။


အိမ်ရာများသို့ လျှပ်စစ်မီးပေးဝေသည့် (315 -KVA) ထရန်စဖော်မာ။

အိမ်ရာအပ်နှံ ပေးအပ်ပွဲအခမ်းအနား နှစ်ကြိမ်စလုံးတွင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက “အထက်က တာဝန်ပေးလို့ ဆောင်ရွက်တာအပြင် ရဲဘော်ရဲဘက်ချင်း ကိုယ်ချင်းစာစိတ်နဲ့ စွန့်လွှတ်စွန့်စား စစ်သည်များရဲ့ နေရာကို ကိုယ်စားဝင်ရောက်ခံစားပြီး စေတနာ၊ မေတ္တာနဲ့ ရဲဘော်ရဲဘက်စိတ်ကို ထပ်ဆောင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆက်လက် အကောင်အထည် ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း” ပြောကြားသွားခဲ့ ပါသည်။ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဌေးနိုင်ကလည်း “အချိန်တိုအတွင်း အရည်အချင်းမီတည်ဆောက်၊ မေတ္တာဖြင့် အခမဲ့ အပ်နှံပေးအပ်ခြင်းများအတွက် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိကြောင်း” ပြောကြားသွားခဲ့သည်။

၂၀၀၉ခုနှစ် စစ်ကိုင်းတိုင်းတွင် မိုးဦး မကောင်းခဲ့ပါ။ သို့သော် ယခု ဒုတိယအကြိမ် အမြဲတမ်းဆေးအဆင့်နိမ့် မသန်စွမ်းစစ်သည်ဟောင်း အိမ်ရာအလုံး ၅၀အပ်နှံ နေရာချထားခြင်း အခမ်းအနားတွင်မူ မုတ်သုံမိုးတို့ ခပ်သဲသဲရွာသွန်းရင်း ကြိုဆိုခဲ့ပါသည်။

၂၀၀၉ခုနှစ် စစ်ကိုင်းတိုင်း၏ မိုးနှောင်းကောင်းခဲ့ပါသည်။ အောင်ဇေယျ အိမ်ရာ စီမံကိန်းရပ်ဝန်းတွင် ရဲဘော်စိတ်ကို အခြေခံသော မေတ္တာမိုး၊ စေတနာမိုးတို့လည်း သွန်းဖြိုးပက်ဖျန်း၊ လန်းဆန်းဝေစည်စေခဲ့ပြီဟု ခံစားရပါသည်။ ။

ဆောက်လုပ်အပ်နှံ နေရာချထားပြီး အိမ်ရာအချို့မြင်ကွင်း။

ယခုတော့ နိုင်ငံတော်၏စေတနာ၊ မေတ္တာတရားတို့ကြောင့် အမိုး၊ အကာ၊ ရေ မီးအစုံဖြင့် အရိပ်အာဝါသအောက်တွင် တင့်တောင့်တင့်တယ် မှီခိုနေထိုင်ခွင့်ရ ။

ရန်ကုန်တိုင်းမ်ဂျာနယ် ယခုအပတ်ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၄

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ ၅၊ အမှတ် ၄၆ တွင် Health Times အထူးထုတ် အချပ်ပိုကဏ္ဍကို ကာလာစုံစာမျက်နှာများများ Political Times အထူးအချပ်ပို စာမျက်နှာ ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီဖြစ်သည်။

Health Times ကဏ္ဍတွင် ဆရာဝန်နှင့်ကျင့်ဝတ်၊ လူတိုင်းဖြစ်ပွားနိုင်တဲ့ ဆီးချိုသွေးချိုအကြောင်း၊ ကမ္ဘာပေါ်တွင် လူလေးဦးလျှင် တစ်ဦးနှုန်း စိတ်ကျရောဂါလက္ခဏာများတွေ့ရှိ၊ ပူပြင်းရာသီနှင့်အရေပြား ပြဿနာနှင့်ပတ်သက်ပြီး အရေပြားအထူးကုဆရာဝန် ဒေါက်တာစိုးဝင်းဦးနှင့် တွေ့ဆုံခြင်း၊ ကြက်သွန်ဖြူနှင့် အအေးမိဝေဒနာအကြောင်း၊ Political Times ကဏ္ဍမှ ဆရာမောင်စူးစမ်း၏ ရွေးကောက်ပွဲ (နိုင်ငံတော် စွမ်းပကားနှင့်ရလဒ်မကစားခြင်း)၊ ဆရာဦးကိုကိုလှိုင်၏ ကိုယ့်တာ ကိုယ်လုံကြဖို့ လိုပါသည်။ ဆရာမိုးမြင့်ဝင်း၏ အိုးဝေ-ဦးညိုမြရဲ့ အိုးဝေသတင်းစာ အမည်မူပိုင်ခွင့်၊ ဆရာနေဇင်လတ်၏ လူတော်များနှင့်နိုင်ငံရေး၊ ဆရာဘုန်း၏ စီရင်ထုံးကပြောတဲ့ သမိုင်းပေးသင်ခန်းစာ တစ်ခန်းရပ်ပြဇာတ်၊ ခေတ်ဟောင်းသတင်းစာများကပြောသော နိုင်ငံရေးပုံရိပ်များ စသည်ဖြင့် ကဏ္ဍစုံလင်စွာပါရှိသည်။

ယင်းအပြင် မြန်မာကျပ်ငွေတန်ဖိုးမှာ အားသာအားနည်းအဖြေရှာ မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ထိုင်း-ကမ္ဘောဒီးယား နှစ်နိုင်ငံဆက်ဆံရေးတင်းမာမှုများကြောင့် ခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်၊ နိုင်ငံတကာကဲ့သို့ အမှိုက်အမျိုးအစားများ ခွဲခြားစွန့်ပစ်သည့်စနစ် မကြာမီလုပ်ဆောင်မည်၊ အာဆီယံကုမ္ပဏီကြီးများ ပါဝင်မည့် တရုတ်-မြန်မာ နယ်စပ်ကုန်စည်ပြပွဲ ကျယ်ခေါင်တွင် ကျင်းပမည်၊ ခုံးပေါ်မှ ယာဉ်နောက်ဆုတ်စဉ် အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိုက်မှုဖြစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ အခြေခံလူထုနှင့် အသေးစားချေးငွေအကြောင်း၊ သုံးမိနစ်မန်နေဂျာကဏ္ဍမှ ပဋိပက္ခ ဘယ်လိုဖြေရှင်းမလဲ၊ ထွန်းအိန္ဒြာဗိုနှင့် လိုတိုဗျူး၊ ဖျော်ဖြေရေးကဏ္ဍများ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အိုဘားမား၏ စိတ်ကူးယဉ်ဝါဒက အစစ်အမှန်လက်တွေ့ဘဝနှင့် သဘောကွဲလွဲမှုရှိနေ၊ စီးပွားရေး နာလန်ထူမှု နှေးကွေးသော်လည်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး နည်းပညာသာ အလေးထားလုပ်ဆောင်သင့်၊ အွန်လိုင်းဂိမ်းကစားကောင်းနေသည့် ဆရာဝန်ကြောင့် မျက်စိဝေဒနာရှင်ကလေးငယ် သေဆုံး၊ စွန့်ပစ်ပစ္စည်းများကို ဓာတ်ဆီထုတ်ရန် စင်ကာပူကြိုးပမ်း၊ အမေရိကန်တက္ကသိုလ်များတွင် တက်ရောက်သည့် နိုင်ငံတကာကျောင်းသားအရေအတွက်မြင့်တက်၊ ချစ်သူကို ကိုယ်ဝန်ပျက်ကျအောင် ကြံစည်လုပ်ဆောင်ခဲ့သည့် ဆရာဝန် ထောင်ဒဏ်ခြောက်နှစ် အပြစ်ပေးခံရ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့က ဒီလိုတဲ့ ၊ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ဟသ်ာတ အထက(၁)

(၃၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၄

ဟသ်ာတ အထက(၁)၌ ပညာသင်ကြားပေးခဲ့ကြသည့် အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအား (၃၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဟသ်ာတမြို့ အထက(၁) ဟသ်ာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးမောင်မောင်အေး ဖုန်း-၀၄၄-၂၁၁၆၄၊ ဦးမောင်မောင် ဖုန်း-၀၄၄-၂၁၅၃၂၊ ဦးဌေးအောင် ဖုန်း-၅၂၇၇၁၀၊ ဦးခိုင်ထွန်းအောင် ဖုန်း-၅၆၁၁၆၅၊ ဒေါက်တာ အောင်ဝင်းမောင် ဖုန်း-၀၉-၅၀-၀၅၁၁၇နှင့် ဦးစိုးမြင့် (သီဟအလူမီနီယံ) ဖုန်း-၅၄၀၁၄၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့၌ ကျင်းပသည့် မီးပုံးပျံလွှတ်တင်ပွဲကို နိုဝင်ဘာ ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်ဆိုင်ရာ အမေရိကန်မူဝါဒသစ် ဒေသတွင်း ချိန်ခွင်လျှာညီမျှမှု မပျက်စေသင့်

ကဘူးလ် နိုဝင်ဘာ ၂၄

အမေရိကန်သမ္မတ ဘားရက်အိုဘားမားအစိုးရ၏ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ မူဝါဒသစ်သည် တောင်အာရှ အင်အား ချိန်ခွင်လျှာ ညီမျှမှုကို မပျက်ပြားစေသင့်ကြောင်း ပါကစ္စတန်နိုင်ငံက အမေရိကန်ပြည်ထောင်စုအား တိုက်တွန်းပြောကြားသည်။

တိုက်တွန်း

ယခုသီတင်းပတ်ကုန်ပိုင်းတွင် ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့သို့ သုံးရက်ကြာ လာရောက်လည်ပတ်နေသော အမေရိကန် စီအိုင်အေအဖွဲ့ အကြီးအကဲ လီယွန်ပါနက်တာနှင့် တွေ့ဆုံဆွေးနွေးစဉ် ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီက အထက်ပါအတိုင်း တိုက်တွန်းပြောကြားလိုက်သည်။

တိုးတက်

အာဖဂန်နစ္စတန်တွင် နိုင်ငံတကာလုံခြုံမှု အကူအညီပေးရေးတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်) တပ်ဖွဲ့ဝင်ဦးရေ များပြားလာခြင်းသည် ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်ကို ဆိုးကျိုးသက်ရောက်စေနိုင်သည်ဟုလည်း ပါကစ္စတန် ဝန်ကြီးချုပ် ဂီလာနီက ပြောကြားသည်။ (အင်တာနက်)

ကမ္ဘောဒီးယား ကျောင်းသူ ၂၀ ပညာသင်ဆု တောင်ကိုရီးယားချီးမြှင့်မည်

ဖနောင်ပင် နိုဝင်ဘာ ၂၄

ကမ္ဘောဒီးယားနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကမ္ဘောဒီးယားကျောင်းသူ ၂၀အား လေးနှစ်ကြာ အစီအစဉ်တစ်ရပ်အနေဖြင့် ဆိုးလ်အမျိုးသမီးတက္ကသိုလ်မှ ပညာသင်ဆု ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက နိုဝင်ဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တွေ့ဆုံဆွေးနွေး

တောင်ကိုရီးယားနိုင်ငံရှိ ဆိုးလ်အမျိုးသမီးတက္ကသိုလ်မှနေ၍ ကမ္ဘောဒီးယားအမျိုးသမီးများအတွက် ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် ဆိုးလ်အမျိုးသမီးတက္ကသိုလ်ကျောင်းအုပ်တို့ တွေ့ဆုံဆွေးနွေးအပြီးတွင် အဆိုပါသတင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***

ပါကစ္စတန်နိုင်ငံမှ ထုတ်လုပ်သည့် ဂျေအက်ဖ်-၁၇ တိုက်လေယာဉ်ကို နိုဝင်ဘာ ၂၃ရက်က တွေ့ရစဉ်။ (ယင်းတိုက်လေယဉ်သည် တရုတ်-ပါကစ္စတန် နှစ်နိုင်ငံ စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၌ အကျိုးတူ ရင်းနှီးမြှုပ်နှံမှုအရ ထုတ်လုပ်ခြင်း ဖြစ်သည်။) **(အင်တာနက်ဓာတ်ပုံ)**

နယူးယောက်၌ လေယာဉ်ပျက်ကျ တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

နယူးယောက် နိုဝင်ဘာ ၂၄

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ နိုဝင်ဘာ ၂၃ရက်က လေယာဉ်တစ်စင်း ပျက်ကျသဖြင့် တစ်ဦးသေဆုံးပြီး အခြား တစ်ဦးဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။ အဆိုပါလေယာဉ်သည် အောရိန့်ချ်စီရင်စုလေဆိပ်မှ ဒန်ဘာရီ စီရင်စုသို့ ဦးတည်ထွက်ခွာလာခြင်းဖြစ်ပြီး ဒက်ချက်စ်စီရင်စုသို့ ပျံသန်းလာစဉ် သစ်ပင်ထူထပ်ရာနေရာ၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားလေကြောင်း အုပ်ချုပ်ရေးဌာနက ပြောကြားသည်။ လေယာဉ်ပျံသန်းနေစဉ် ဆီကုန်ကြောင်း အချက်ပြခဲ့ပြီးနောက် အရေးပေါ် ဆင်းသက်စဉ် ပျက်ကျခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကဘူးလ်ရှိ ဇိမ်ခံဟိုတယ် ဒုံးကျည်ဖြင့် ပစ်ခတ်ခံရ

ကဘူးလ် နိုဝင်ဘာ ၂၄

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်ရှိ ဆီရီနာဇိမ်ခံဟိုတယ်အုတ်နံရံကို နိုဝင်ဘာ ၂၁ရက်က ဒုံးကျည်ထိမှန်သဖြင့် ကလေးနှစ်ဦးအပါအဝင် လေးဦးဒဏ်ရာရသွားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြောကြား

ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုတွင် အာဖဂန်တပ်ဖွဲ့ဝင် တစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။ သို့သော် မည်သူမျှ ဒဏ်ရာပြင်းပြင်းထန်ထန် မရရှိဟု ၎င်းက ရိုက်တာသို့ ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဂါဇာကမ်းမြောင်ကို အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက် ပါလက်စတိုင်း ၁၀ဦး ပြင်းထန်စွာ ဒဏ်ရာရရှိ

ဂါဇာ နိုဝင်ဘာ ၂၄

ဂါဇာကမ်းမြောင်တွင် နိုဝင်ဘာ ၂၂ရက် စောစောပိုင်းက အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်သောကြောင့် ပါလက်စတိုင်း ၁၀ဦး ပြင်းထန်စွာဒဏ်ရာရရှိကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ဂါဇာကမ်းမြောင် အရှေ့မြောက်ပိုင်း၌ ယင်းနေ့ညသန်းခေါင်ယံတွင် သံရည်ကျိုစက်ရုံကို ပစ်မှတ်ထားကာ ပထမအကြိမ် လေကြောင်းမှတိုက်ခိုက်ခဲ့ရာ ငါးဦးဒဏ်ရာရရှိကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။

ပစ်မှတ်ထား

အလားတူ မိနစ်အနည်းငယ်အတွင်း ဂါဇာကမ်းမြောင်အလယ်ပိုင်းကို အစ္စရေးတို့က လေကြောင်းမှ ဒုံးကျည်ဖြင့် ထပ်မံပစ်ခတ်ကြောင်း၊ ယခုအကြိမ်တွင် ယင်းဖြစ်ပွားမှုသည် လက်နက်လုပ်သည့် သံရည်ကျိုစက်ရုံကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ဒဏ်ရာရ

အီဂျစ်နိုင်ငံနှင့် နယ်ချင်းစပ်နေသည့် ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းရှိ မြေအောက်ဥမင်လိုဏ်ခေါင်းအတွင်း အစ္စရေးလေတပ်မှတိုက်ခိုက်မှုကြောင့်(ဝဲပုံ) ပါလက်စတိုင်း မှောင်ခိုအလုပ်သမားငါးဦး ထပ်မံဒဏ်ရာရရှိသွားသည်ဟု သိရသည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ဗုံးပေါက်ကွဲ ခြောက်ဦးသေဆုံး

ဂူဝါဟတီ နိုဝင်ဘာ ၂၄

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ နိုဝင်ဘာ ၂၂ရက်က ဗုံးနှစ်လုံးပေါက်ကွဲသဖြင့် အနည်းဆုံး ခြောက်ဦးသေဆုံးပြီး လူ၄၀ ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖောက်ခွဲ

နာဘာရီမြို့ ရဲစခန်းရှေ့နှင့် ကုန်မျိုးစုံဆိုင်တစ်ဆိုင်ရှေ့တို့၌ စက်ဘီးများပေါ် ဗုံးများလျှို့ဝှက်တင်ဆောင်ပြီး ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်သည်ဟုဆိုသည်။

စေခိုင်း

ယင်းဗုံးဖောက်ခွဲမှုကို အာသံညီညွတ်သောလွတ်မြောက်ရေးတပ်ဦး (ယူအယ်လ်အက်ဖ်အေ) ခွဲထွက်ရေးအုပ်စုမှ နောက်ကွယ်က စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း သူပုန်အဖွဲ့ခေါင်းဆောင်က တယ်လီဖုန်းဖြင့် ဒေသတွင်းသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၄၃၆၅ ဦးရှိပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် တာဝန်ထမ်းဆောင်စဉ် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က နိုဝင်ဘာ ၂၃ ရက်၌ ကြေညာသည်။

ကြေညာ

အမ်အင်န်ဒီ-အက်စ်တပ်မမှ အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်မှာ နိုဝင်ဘာ ၂၂ ရက်တွင် သေဆုံးခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသော်လည်း အသေးစိတ် ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ဖော်ပြ

အီရတ်နိုင်ငံကို ၂၀၀၃ခုနှစ်က အမေရိကန်ဦးဆောင်သည့်တပ်များ စတင်ကျူးကျော်ပြီးနောက် ယနေ့အထိ အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၃၆၅ဦး ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ပေါက်ကွဲမှုဖြစ်ပွား

အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ရဲတပ်ဖွဲ့ဝင်များစစ်ဆေးစဉ်။

(အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ ရေးသားသည်

စစ်လေယာဉ်တစ်စင်းပျက်ကျ၊ ငါးဦးသေဆုံး

အီတလီနိုင်ငံအနောက်မြောက်ပိုင်း ပီဆာလေဆိပ်အနီး၌ လေယာဉ်တစ်စင်း ပျက်ကျရာမှ ငါးဦးသေဆုံးသွားကြောင်း အီတလီလေတပ်က နိုဝင်ဘာ ၂၃ရက်တွင် ပြောကြားသည်။ (အပေါ်ပုံ)

ငါးဦးလိုက်ပါလာသော စီ-၁၃၀ပို့ဆောင်ရေးစစ်လေယာဉ်တစ်စင်းသည် ဒေသစံတော်ချိန် ၂နာရီ၁၀မိနစ်အချိန်တွင် ပီဆာလေဆိပ်မှအထွက် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အန်ဆာသတင်းဌာနက ဖော်ပြသည်။

ရုရှားလက်နက်သိုလှောင်ရုံပေါက်ကွဲ ရှစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

ရုရှားနိုင်ငံ အူလျာနော့ဗ်ပြည်နယ် ဖော်လဂါစီးတီးရှိ လက်နက်သိုလှောင်ရုံ၌ နိုဝင်ဘာ ၂၃ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ ဝန်ထမ်းရှစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။ ယင်းပေါက်ကွဲမှုသည် ဒုတိယအကြိမ် ပေါက်ကွဲခြင်းဖြစ်သည်။

ပြင်သစ်ဓာတုဗေဒစက်ရုံ ပေါက်ကွဲမှုများဖြစ်ပွား၍ လေးဦးဒဏ်ရာရ

ပြင်သစ်နိုင်ငံအလယ်ပိုင်းရှိ ဓာတုဗေဒစက်ရုံတစ်ရုံတွင် နိုဝင်ဘာ ၂၃ရက် ညနေပိုင်းက ပေါက်ကွဲမှုများ ဖြစ်ပွားရာမှ လေးဦးဒဏ်ရာရရှိသွားကြောင်း၊ ပေါက်ကွဲမှုနှစ်ခုကြောင့်နှစ်ဦးမှာဒဏ်ရာပြင်းထန်ကြောင်း မီးသတ်တပ်ဖွဲ့ဝင်များကပြောကြားသည်။

ခေတ်မီရေငုပ်သင်္ဘောနှစ်စင်း အီရန်ရေတပ်နှင့် ပူးပေါင်းသွားမည်

*ဆိုမာလီပင်လယ်ဓားပြနှိမ်နင်းရေးတွင် အီရန်ပါဝင်ဆောင်ရွက်နေစဉ် ဂါဒီအမျိုးအစားခေတ်မီရေငုပ်သင်္ဘောနှစ်စင်းသည် မကြာမီ အီရန်ရေတပ်နှင့် ပူးပေါင်းတော့မည်ဖြစ်ကြောင်း အီရန်ရေတပ် အကြီးအကဲ ရေတပ်ဗိုလ်ချုပ်ကြီး ဟာဘီဘိုးလားဆေယာရီက နိုဝင်ဘာ ၂၃ရက်တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။ ထို ရေငုပ်သင်္ဘောများသည် **(အောက်ပုံ)**ခေတ်မီရေဒါများ ဖမ်းမရအောင် လှုပ်ရှားမောင်းနှင်နိုင်၍ အမြန်ဆုံးစုံစမ်းထောက်လှမ်းနိုင်ပြီး တည်နေရာကို သိရှိနိုင်သည်ဟု ဆိုသည်။*

ဖိလစ်ပိုင်တွင် မျိုးနွယ်စုနှစ်စုရန်ပွဲ ၂၄ ဦးသေဆုံးဟု ယူဆရ

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ အရှိန်အဝါကြီးမားသည့် မျိုးနွယ်စုနှစ်စုအတွင်း နိုဝင်ဘာ ၂၃ ရက်က ရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွားကာ အမျိုးသမီး အများစုပါဝင်ပြီး ၂၄ ဦးသေဆုံးသည်ဟု ခန့်မှန်းထားသည်။ ဓားစာခံ ၁၀ ဦးထက်မနည်းရဲများက ကယ်တင်ရန် ကြိုးပမ်းနေကြောင်း အရာရှိများက ပြောကြားသည်။

တောင်အာဖရိက စီးပွားရေးမြင့်တက်

တောင်အာဖရိကနိုင်ငံ၏ စီးပွားရေးသည် ဇူလိုင်လနှင့် စက်တင်ဘာလအတွင်း မြင့်တက်ခဲ့ရာမှ ကျဆင်းသွားပြီးနောက် ယခုအခါ ပြန်လည်မြင့်တက်လာပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၃ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

(အင်တာနက်)

ယာဉ်နှင့်လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ဇလွန်၌ ကျင်းပ

ဟသ္တာတ နိုဝင်ဘာ ၂၄

ဟသ္တာတခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၆ ရက်က ဇလွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဟသ္တာတခရိုင် ဦးစီးမှူး ဦးအောင်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိသင့်သိထိုက်သော အချက်အလက်များနှင့် မော်တော်ဆိုင်ကယ် အန္တရာယ်ဖြစ်မှု လျော့နည်းကျဆင်းရေး အတွက် သိရှိလိုက်နာရမည့် အချက်များကို လည်းကောင်း၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစောမြင့်လွင်နှင့် ခရိုင်ယာဉ်ထိန်းတာဝန်ခံ ဒုရဲအုပ်ထွန်းအောင်ချိုတို့က လုပ်ငန်းလိုင်စင်ကိစ္စရပ်များ နှင့် ပြစ်မှုပြစ်ဒဏ်ကိစ္စရပ်များကို ရှင်းလင်းပြောကြားကြသည်။ (၁၄၆)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးမှူး ပြန်ကြားဆက်သွယ်ရေးဆိုင်ရာသင်တန်း မြစ်ကြီးနား၌ဖွင့်

မြစ်ကြီးနား နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကကြီးမှူး၍ ပြန်ကြားဆက်သွယ်ရေးဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ရက် နံနက် ၉နာရီက မြစ်ကြီးနား ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနမှူးများ ညှိနှိုင်းရေးမှူး ဒေါက်တာအောင်ကျော်ထွဋ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်း

ထို့နောက် တိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မင်းသိန်းက သင်တန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

တက်ရောက်

ဆက်လက်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်များသို့ အသက်ရှုအားကူနည်း လေ့ကျင့်မှု (ကလေးရုပ်များ)နှင့် ကင်မရာများကို တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်သည်။ အဆိုပါ သင်တန်းတွင် မီဒီယာနည်းပညာများနှင့် ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများအကြောင်း သင်ကြားပို့ချရာ မြို့နယ်ခြောက်မြို့နယ်မှ သင်တန်းသားသင်တန်းသူ ၄၂ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(တိုင်း ပြန်/ဆက်)**

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော တိုးချဲ့(၄)ရပ်ကွက်အဝင်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အမှုဆောင်အရာရှိ ဦးမိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

အလင်းရောင်စာကြည့်တိုက် ဓနုဖြူ၌ပန္နက်တင်

ဓနုဖြူ နိုဝင်ဘာ ၂၄

ဧရာဝတီတိုင်း မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကဇွန်းကွင်းကျေးရွာ၌ အလင်းရောင် ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ၂၂ရက် နံနက်၁၀နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ပန္နက်တင်

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေခင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်သန္တာထွေး၊ ကဇွန်းကွင်းကျေးရွာဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် စာကြည့်တိုက် အသစ်ဆောက်လုပ်ရန် မြေအလှူရှင်ဦးမြင့်မောင်တို့က ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကဇွန်းကွင်းကျေးရွာ မူလတန်းကျောင်းတွင် စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ရန် ရှေ့လုပ်ငန်းများ ဆွေးနွေးပွဲကျင်းပသည်။ အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော်ပံ့ပိုးမတည်ငွေနှင့် ကျေးရွာပြည်သူများထည့်ဝင်ငွေတို့ဖြင့် ကျေးလက်စာကြည့်တိုက် ဆောက်လုပ်မည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

နိုဝင်ဘာ ၁၉ရက်က သရက်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှမျိုးအောင်၊ မင်းတုန်းမြို့နယ် ဥက္ကဋ္ဌ ဦးသာညွန့်နှင့်မြို့နယ်ဦးစီးမှူး ဦးခင်ဝင်းတို့ နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်သည့် ဘူးတောင်းကျေးရွာ ဘဝမီးအိမ်စာကြည့်တိုက် ဆောက်လုပ်မှုနှင့် ပစ္စည်းစုဆောင်းထားမှုတို့ကို ကြည့်ရှုရာ အုပ်စုဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် အဖွဲ့ဝင်များက ရှင်းလင်းပြသစဉ်။ (ခရိုင် ပြန်/ဆက်)

ကဗျာ၊ စာစီစာကုံးဆုရသူများ ဟိုပန်၌ဆုချီးမြှင့်

ဟိုပန် နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့နယ်၌ (၈၉)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာဖတ်ပွဲအခမ်းအနားနှင့် အမျိုးသားနေ့အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲမှဆုရ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက် ၉ နာရီက အထက စာမဟာခန်းမ၌ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားမှူးဦးဇော်ထွန်းလှ(အထက်တန်းပြ)က အခမ်းအနားအစီအစဉ်များဖတ်ကြားပြီး ကျောင်းသားကျောင်းသူများက ရာသက်ပန်ပြည်ထောင်စုတေးဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။ ယင်းနောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ထွေးက (၈၉)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆုချီးမြှင့်

ဆက်လက်ပြီး မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အမျိုးသားနေ့အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲမှ ဆုရကျောင်းသားကျောင်းသူ ကိုးဦးအား ဂုဏ်ပြုဆုချီးမြှင့်ပေးပြီး အထကကျောင်းသားကျောင်းသူများက ဇာတိမာန်တေးဖြင့် သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အစည်းအဝေးကျင်းပ

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၄

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ဒသမအကြိမ် အစည်းအဝေး (၂/၂၀၀၉)ကို နိုဝင်ဘာ ၂၃ရက် မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

တင်ပြဆွေးနွေး

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က လေးလပတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကို လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့ ခုနစ်ဖွဲ့၏ ခေါင်းဆောင်များဖြစ်ကြသော ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်များက မိမိတို့တာဝန်ယူထားသော ပြည်နယ်နှင့်တိုင်းတို့၌ လေးလပတ်ကာလအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း အသီးသီး တင်ပြဆွေးနွေးကြသည်။

ကြည့်ရှု

ယင်းနောက် စင်ကာပူသမ္မတနိုင်ငံ၌ ၂၀၀၉ခုနှစ် အောက်တိုဘာ ၂၈ရက်မှ ၃၀ရက်အထိ ကျင်းပခဲ့သော အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး အစည်းအဝေးများနှင့် ပတ်သက်သည့် "အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစည်းအဝေးများနှင့် Clean and Green Singapore 2010" ရုပ်သံအစီအစဉ်ကို ကြည့်ရှုကြပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့ ခုနစ်ဖွဲ့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အသေးစိတ် ဆွေးနွေးကြသည်။

အမှာစကား

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ပြည်သူ့ဆေးရုံများအတွက် ထာဝရဆေးပဒေသာပင်များ

စိုက်ထူလှူဒါန်းပွဲ စဉ့်ကူးမြို့၌ ကျင်းပ

စဉ့်ကူး နိုဝင်ဘာ ၂၄

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ပြည်သူ့ဆေးရုံများအတွက် ထာဝရဆေးပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ရက် နံနက် ၁၀နာရီက မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှင်းလင်း

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လှုက ဝမ်းမြောက်ကြောင်း အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်ထွန်းက ဆေးပဒေသာပင် စိုက်ထူလှူဒါန်းခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် မြို့နယ်အတွင်းရှိ ဆေးရုံ၊ ဆေးခန်းများသို့ အလှူရှင်များမှ ဆေးပဒေသာပင်များ အသီးသီး စိုက်ထူလှူဒါန်းကြရာ သုဓမ္မမဏ္ဍိဇောတရေ ဦးဗိုလ်ချုပ်-ဒေါ်ချောစုလှိုင် (ဇေကရီရွှေလုပ်ငန်း) စဉ့်ကူးမြို့မှ ငွေကျပ် ၁၀သိန်း၊ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံမှ ငွေကျပ် နှစ်သိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငွေကျပ် တစ်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ ငွေကျပ် တစ်သိန်း၊ ထက်ရည်လင်းကုမ္ပဏီမှ ငွေကျပ် ငါးသိန်းနှင့် အခြားအလှူရှင်အသီးသီးမှ လှူဒါန်းငွေများ အပါအဝင် စုစုပေါင်း စိုက်ထူလှူဒါန်းငွေ ကျပ် ၃၆၉၄၅၀၀ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လှုနှင့် တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းနှင့် တာဝန်ရှိသူများက တစ်ဦးချင်းလှူဒါန်း လက်ခံယူကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ရွှေဘို

စာပေဟောပြောပွဲကျင်းပ

ရွှေဘို နိုဝင်ဘာ ၂၄

ပြည်ရွှေဘို စာပေဟောပြောပွဲကို အောက်တိုဘာ ၃၀ရက် ည ၇နာရီက ရန်ကြီးအောင် အားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေချစ်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း(ဗဟို)မှ ပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို စာရေးဆရာရွှေစောသက်ကဖတ်ကြားပြီး စာရေးဆရာဘိုမျိုး(ရွှေဘို)က ကျွန်တော့် အရှူးလွယ်အိတ်ထဲမှ နှိုက်ထုတ်မိသော အပိုင်းအစများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ ခင်ခင်ထူးက ကျေးတောသူ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ နေဝင်းမြင့်က ရုပ်သေးပွဲသွားရအောင် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကြို့ပင်ကောက် စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်

ကြို့ပင်ကောက် နိုဝင်ဘာ ၂၄

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ နိုဝင်ဘာ ၃ရက် နံနက် ၉နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ (၇၅)နှစ်နှင့်အထက် အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းကြိုင်နှင့် အဖွဲ့ဝင်များ၊ စည်းရုံးရေးမှူးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထောက်ပံ့ကြေးပေးအပ်

အစည်းအဝေးတွင် ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းညွှန့်က ရှေ့လုပ်ငန်းစဉ်များနှင့် လုပ်ငန်းတာဝန်ကြီး (၅)ရပ်ကို ရှင်းလင်း၍ ထောက်ပံ့ကြေးရရှိသူ အဖွဲ့ဝင်များအား တစ်ဦးချင်း ထောက်ပံ့ကြေးငွေ ပေးအပ်သည်။

(၁၈၀)

ကျောင်းသား ကျောင်းသူများအား

ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကျင်းပ

တာချီလိတ် နိုဝင်ဘာ ၂၄

တာချီလိတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၁၂)ကြိမ်မြောက် ချို့တဲ့ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ပစ္စည်း ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၃ရက် နံနက် ၉နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပရာ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုးက အဖွင့်အမှာစကား ပြောကြားပြီး တာချီလိတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချောစုဝင်းက လှူဒါန်းရခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အလှူရှင် ၂၈ဦးက ငွေကျပ် ၄၆၀၈၀၀၀တန်ဖိုးရှိ အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဗိုလ်မှူးကြီးခင်မောင်စိုး၊ ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ အတွင်းရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့်တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

(၀၁၆)

မုဒုံမြို့နယ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၇ရက်က မုဒုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပူဇော်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဒေါ်သန်းအေးက အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စာပေဗိမာန် စာမူဆုရ စာအုပ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေပထမဆုရ မအေးချမ်း(မြန်မာစာ)ရေးသားသည့် မြန်မာ့သဘင်မှုအနုပညာနှင့် အသုံးတွင်စကားများ စာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် မြန်မာပြဇာတ်နှင့် ဇာတ်သဘင်အနုပညာနယ်ပယ်မှ ခေတ်အဆက်ဆက် သဘင်ပညာရှင်ကြီးများ ပြောဆိုသုံးနှုန်း ရေးသားဖွဲ့ဆိုခဲ့ကြသော အသုံးအနှုန်း၊ အခေါ်အဝေါ်များ၊ မြန်မာ့လူမှုနယ်ပယ်အတွင်းသို့ ရောက်ရှိအသုံးပြုနေသောစကားများကို ပညာရပ်နှင့် လူမှုနယ်ပယ်ဆိုင်ရာ ဆက်စပ်၍ လေ့လာတင်ပြထားသည်။

အဆိုပါစာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော စမ်းကြီး/သရက်ကုန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၅ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးကျော်လင်းနှင့် အင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉

စည်ကားစွာ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၄

International Exhibition Management Services (IEMS Company Limited) သည် အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉ (Electronics & Lifestyle 2009) ပြပွဲကို ဒီဇင်ဘာ ၂၄ရက်မှ ၂၇ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ခင်းကျင်းပြသ

ပြပွဲကို Nibban Electric & Electronic ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် Panasonic, Chenghong, Mitsubishi, Asia General Electricတို့မှ စွမ်းအင်ချွေတာသည့် နည်းပညာအသစ်အဆန်းများကို အထူးပြသမည်ဖြစ်သည်။ Acer, Lucky Bird, Blu Ray, KMD, King Empire, Cyber City, NCTC, Unique, Red Link, P.I.T, Trust Net, Sm3, MBC, Integra, Golden Rain, Golden Lion UPS, I.E.M Online U.P.S တို့မှ နောက်ဆုံးပေါ် Laptop များ၊ Software System များ၊ Midea, Fudak မှ Induction Cooker များ၊ Cannon, Concordia မှ Printer နှင့် Copier များ၊ Ever Seiko, Amtt Company, Smart Electronic Dictionary, Toshiba Kyaw Win, Three Friends Trading, Setra, Revo, Rannai, Lulay,Aung Myanmar, Atlas, Cherry Oo, Rhythm, Moon Fancy, MNZ တို့မှ နောက်ဆုံးပေါ် အီလက်ထရွန်နစ်နှင့် ခေတ်မီအိမ်သုံးပစ္စည်းများ၊ New Mobile, DO CO MO, Great Mobile/ Mobile Friend, Hisense တို့မှ နည်းပညာသစ် Mobile Handset များနှင့် ဆက်စပ်ပစ္စည်းများ၊ Lin Win Co.,Ltd. နှင့် Ocean Glory (Leeco) တို့မှ ခေတ်မီအိမ်သုံး၊ ရုံးသုံးနှင့်ဆန်းသစ်သော ပရိဘောဂများကို ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲသို့ လာရောက်သူများကို ပြခန်းများမှ သရုပ်ပြဖျော်ဖြေမှုများအပြင် IEMS Company အနေဖြင့် နေ့စဉ်အဝတ်လျှော်စက် သို့မဟုတ် ရေခဲသေတ္တာတစ်လုံးကို ကံစမ်းမဲ ဖွင့်ပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ပြပွဲနှင့် စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း-၀၉-၄၈-၈၀၉၈၈၈သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် နိုဝင်ဘာ ၂၄

မဟာနန္ဒာကန် သန့်ရှင်းသာယာစိုပြည်ရေး ဆောင်ရွက်

ရွှေဘိုမြို့ မဟာနန္ဒာကန်တော် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၂၆ရက် နံနက်ပိုင်းက မဟာနန္ဒာကန်တော်တွင် စုပေါင်းသန့်ရှင်းရေးနှင့် သစ်ပင်စိုက်ပျိုးပွဲကို ရွှေဘိုမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ ဆောင်ရွက်ရာ ခရိုင်ဥက္ကဋ္ဌ ဦးအုံးချိုနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်တို့က ကြည့်ရှုအားပေးကြသည်။ (ခရိုင် ပြန်/ဆက်)

မကွေး ဝါဂွမ်းကျေးရွာ၌ တိုင်းရင်းဆေးအခမဲ့ကုသ

မကွေးတိုင်း မကွေးမြို့နယ် ဝါဂွမ်းကျေးရွာ ပြည်သူများလိုအပ်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်အတွက် တိုင်းရင်းဆေးကုသမှုအဖွဲ့က တိုင်းရင်းဆေးဖြင့် နိုဝင်ဘာ ၈ရက် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ကျေးရွာပြည်သူ ၁၆၀တို့အား အခမဲ့ကုသပြီး ဆေးဝါးများလှူဒါန်းခဲ့ကြသည်။ (၀၇၇)

စာငှားကတ်စနစ်ကျင့်သုံးရေး ရေစကြို၌ဆောင်ရွက်

ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခတ်ပုံကျွမ်းကျင်-၂ ဦးဇော်ဝင်းမောင်နှင့်အဖွဲ့သည် နိုဝင်ဘာ ၅ရက်က မိဖုရားကျေးရွာ၊ ဘုန်းတော်ပြည့်ကျေးရွာ၊ မြေတော်ကျေးရွာ၊ တိုင်းကျေးရွာ၊ နေရင်းကျေးရွာ၊ ဆင်တဲကျေးရွာနှင့် နွယ်နီကျေးရွာအုပ်စုများသို့ သွားရောက်၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် ကွင်းဆင်းဆောင်ရွက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ခန္တီး၌ စာကြည့်တိုက်ရန်ပုံငွေရရှိရေး ဆွေးနွေး

ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးသည် နိုဝင်ဘာ ၁၀ရက် ညနေ ၃နာရီက မှန်ပင်ရွာ ရပ်ကွက်ရုံးခန်း၌ စာငှားကတ်စနစ်ကျင့်သုံးရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ ဦးစီးမှူး ဦးမြင့်သိန်းစိုးက စာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ စာငှားကတ်ကျင့်သုံး၍ စာကြည့်တိုက်ရန်ပုံငွေ တိုးပွားရေး ဆောင်ရွက်ရန်နှင့် စာဖတ်သူ၊ စာငှားသူများ တိုးပွားရေးဆောင်ရွက်ကြရန် ဆွေးနွေးပြီး စခန်းမှူး ရဲအုပ်ကျော်သန်းက မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်နှင့် ပြစ်ဒဏ်များ ရှင်းလင်းပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

အင်းတော်၌ လမ်းခင်းရန် ညှိနှိုင်းစည်းဝေး

ရွှေဘို-မြစ်ကြီးနားလမ်းနှင့် အင်းတော်မြို့နယ် သူရောင်းရွာဆက်သွယ်သော လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်း လိုအပ်ချက်များ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ၈ရက် မွန်းတည့် ၁၂နာရီက အဆိုပါကျေးရွာ၌ ကျင်းပရာ ကျေးရွာအလိုက် လုပ်ငန်းရပ်များ ခွဲဝေသတ်မှတ်ကြသည်။ (၀၁၀)

ရွှေကျင်၌ ကျေးလက်လမ်းဂဝံခင်းရန် ကျောက်စုဆောင်း

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် သံဆိပ်-အင်းဗလာကျေးလက်လမ်းဂဝံခင်းခြင်းလုပ်ငန်းအတွက် ဂဝံကျောက်များ စုဆောင်းထားရှိမှုကို နိုဝင်ဘာ ၂ရက်တွင် အမှုဆောင်အရာရှိ ဦးဝင်းလှိုင်က ကွင်းဆင်းကြည့်ရှုခဲ့သည်။ (မြို့နယ်စည်ပင်)

နွားထိုးကြီးမြို့တွင်း၌ လမ်းပေါက်များဖာထေး

နွားထိုးကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ နွားထိုးကြီးမြို့တွင်းရှိ ရေဝန်းလမ်း၊ လမ်းမတော်လမ်းမကြီးအား ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း၊ ချိုင့်ဝှမ်း၊ ဖာထေးခြင်းများကို မြို့နယ်အင်ဂျင်နီယာ ဦးစောဝင်း ဦးဆောင်သော ဝန်ထမ်းများ အောက်တိုဘာစတုတ္ထပတ်မှစတင်၍ ပြင်ဆင်ကြသည်။ (၀၉၂)

ညောင်ရွှေမြို့နယ် အလင်းစာကြည့်တိုက်ပြီးစီးရေး ဆွေးနွေး

ညောင်ရွှေမြို့နယ် နန်းသဲကျေးရွာ အလင်းစာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခတ်ပုံကျွမ်းကျင်-၂ ဦးမြတ်သူတို့ နိုဝင်ဘာ ၁၀ ရက်က ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အဆောက်အအုံ အမြန်ပြီးစီးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ရန်နှင့် စာကြည့်တိုက်စာငှားကတ်စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ဆင်းသွယ်လတ်မိုးစပါး မော်ကျွန်း၌ စံကွက်ရိတ်သိမ်း

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကွဲခြံဝကျေးရွာ ကွင်းအမှတ် (၁၃၂၃) ဦးပိုင်အမှတ် (၇၀/၁) တွင် စိုက်ပျိုးထားသော တောင်သူလယ်သမားဦးမြင့်ဆွေ၏ ဆင်းသွယ်လတ်မိုးစပါးစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ကွဲခြံဝကျေးရွာတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးမြှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကွဲခြံဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံတောင်သူလယ်သမားများက စံကွက်ရိတ်သိမ်းအထွက်နှုန်းရယူကြရာ တစ်ဧကလျှင် အစိတ်င်း ၁၀၀ ဒသမ ၇၄တင်းနှုန်းထွက်ရှိသည်။ (၁၄၂)

ပေါင်မြို့နယ်၌ အော်တိုတယ်လီဖုန်းလိုင်းများတပ်ဆင်

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ခေတ်မီဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်းအသစ်များကို နိုဝင်ဘာ ၃ ရက်မှစတင်၍ တပ်ဆင် အသုံးပြုလျက်ရှိရာ ပေါင်မြို့နယ် မုတ္တမကျေးရွာမှ ဇင်းကျိုက်ကျေးရွာအထိ မြန်မာ့ဆက်သွယ်ရေးမှ ဝန်ထမ်းများက နားရက်မယူဘဲ တယ်လီဖုန်းလိုင်းများကို တပ်ဆင်ပေးနေသည်။ (မြို့နယ် ပြန်/ဆက်)

ကွန်ပျူတာ သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပွဲနှင့်အထောက်အကူပြု ကိရိယာပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၄

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်ရေးအတွက် ဖွင့်လှစ်ခဲ့သော ကွန်ပျူတာ သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပွဲနှင့် မသန်စွမ်းသူများအတွက် အထောက်အကူပြု ကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ရက်က ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ နာယက လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး အမျိုးသား ပြန်လည်သန်စွမ်းရေးဆေးရုံ ဆေးရုံအုပ် ဒေါက်တာမိုးအောင်က ဖောင်ဒေးရှင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ၍ ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက ကွန်ပျူတာ သင်တန်းဆင်းပွဲနှင့် အထောက်အကူပြု ကိရိယာလှူဒါန်းပွဲအကြောင်းကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးသိန်းလွင်က သင်တန်းအမှတ်စဉ် (၁/၂၀၀၉)၊ ဒါရိုက်တာများဖြစ်ကြသော ဦးဘိုသန်းက သင်တန်းအမှတ်စဉ် (၂/၂၀၀၉)နှင့် ဦးတင်ညိုက သင်တန်းအမှတ်စဉ်(၃/၂၀၀၉)တို့မှ သင်တန်းသားများအား သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြပြီး အလှူရှင်နှင့် တာဝန်ရှိသူများက မသန်စွမ်းသူများနှင့် မသန်စွမ်း သက်ကြီး သင်တန်းကျောင်းတို့အား Wheel Chair များနှင့် အထောက်အကူပြုကိရိယာများကို ပေးအပ်လှူဒါန်းကြသည်။

ဖျော်ဖြေ

ယင်းနောက် ကွန်ပျူတာသင်တန်းဆင်းများကိုယ်စား မောင်ကောင်းခန့်ကိုကို၊ Wheel Chair ရရှိသူများ ကိုယ်စား မောင်လှအောင်တို့က ကျေးဇူးတင်စကား ပြောကြားကြပြီး အလှူရှင်များ၏ လှူဒါန်းငွေများကို တာဝန်ရှိသူများက လက်ခံကာ မသန်စွမ်း အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။ (သတင်းစဉ်)

ပုသိမ်-မုံရွာလမ်း(ကဇွန်းမ-မုံရွာအပိုင်း) ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက ပုသိမ်-မုံရွာလမ်း (ကဇွန်းမ-မုံရွာအပိုင်း)၌ မြေသားလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ် ၄၅/၃ ၌ မြေနီကျောက်စရစ် ဖြန့်ခင်းကြိတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လင်းကတောရှောင်ကွင်းလမ်း၌ ကျောက်လမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုသိမ်-မုံရွာလမ်း(ဆားလင်းကြီးမြို့နယ်) မိုင်တိုင်အမှတ်၃/၇ရှိ ငွေသာချောင်းတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး ပုသိမ်-မုံရွာလမ်း[မြိုင်-လင်းကတော- ဆားလင်းကြီး-ချင်းတွင်းတံတား(မုံရွာ)] အပိုင်းမိုင်တိုင်အမှတ် ၁၁/၇ ၌ လမ်းသား တိုးချဲ့ပုံဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ တံတားဦးမြို့နယ်တွင် ငွေလှူဒါန်း

တံတားဦး နိုဝင်ဘာ ၂၄

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၃ရက်က တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး ရုပ်/သံခန်းမ၌ ကျင်းပသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက နိုင်ငံတော်မှ မတည်ငွေများကို ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကိုကိုနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မတည်ငွေ

ထို့နောက် နိုင်ငံတော်မှ မတည်ငွေများကို ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့လှူဒါန်းရာ ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာ၊ မြစ်သားမြို့နယ် သာလွန်ကျေးရွာ၊ တံတားဦးမြို့နယ် စကားအင်းကျေးရွာများသို့ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက လှူဒါန်းပြီး တာဝန်ရှိသူများ လက်ခံယူသည်။ ထို့နောက် တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကိုကိုနိုင်က နိုင်ငံတော်မှ မတည်ငွေများကို စကားအင်း ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်စိုးနှင့် စာကြည့်တိုက် ကော်မတီများထံသို့ ပြန်လည်လှူဒါန်းသည်။

လှူဒါန်း

ဆက်လက်၍ တံတားဦးမြို့နယ်မှ ဦးဝင်းမင်းထွန်းက စကားအင်းကျေးရွာ စာကြည့်တိုက်သို့ ဂျာနယ်မျိုးစုံ အုပ်၅၀ကို လှူဒါန်းရာ စကားအင်းကျေးရွာ ဥက္ကဋ္ဌ ဦးမောင်စိုးက လက်ခံယူသည်။(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ် နိုဝင်ဘာလအတွက် နောက်ဆုံးပတ်
(တနင်္ဂနွေနေ့)၂၉-၁၁-၂၀၀၉ ရက်
၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွက်
၁၃-၁၂-၂၀၀၉ ရက်နှင့် ၂၇-၁၂-၂၀၀၉ ရက်

မြစ်သားမြို့နယ် ပေါ်မောကျေးရွာ မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

မြစ်သား နိုဝင်ဘာ ၂၄

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် လမ်းခွကျေးရွာအုပ်စု ပေါ်မောကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၈ရက် နံနက် ၁၁နာရီက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းသိန်းဦးက ကျောင်းဆောင်သစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ကျေးရွာဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် အချက်အလက်များ လွှဲပြောင်းပေးအပ်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးစန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ် အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (မြို့နယ် ပြန်/ဆက်)

ကက်ပီတယ် ဟိုက်ပါမားကတ် အီလက်ထရွန်နစ်ပြပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၄

Capital Hypermarket ၏ Promotion Area တွင် LED, LCD, Flat TV, Home Theatre DVD, EVD, Amplifier Speaker, Mini Hifi Cassette, Radio အစရှိသည့် Entertainment ပစ္စည်းများ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ Oven, လျှပ်စစ်မီးဖို၊ Digital မီးဖိုနှင့် လျှပ်စစ်ပေါင်းအိုး အစရှိသည့် Kitchen Appliance ပစ္စည်းများကို အမျိုးအစားစုံလင်စွာ အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ရောင်းချပေး

Sony, Samsung, Sakura, Nibban, Panasonic, Hitachi, Asahi, Elba, Haier, Black& Decker, Media, L-G, Star, Orchid, Ogawa, T-Home, Fuji, Zillion, Povos, Chunlan, Natural အစရှိသော Brand များ ပါဝင် ရောင်းချပေးမည်ဖြစ်သည်။

ကံစမ်းမဲ

အထူး အစီအစဉ်အနေဖြင့် ကျပ်တစ်သိန်းနှင့်အထက် ဝယ်ယူသူတိုင်းအား ဒီဇင်ဘာ ၆ ရက်တွင် ပထမဆု ရေခဲသေတ္တာ၊ ဒုတိယဆု အဝတ်လျှော်စက်၊ တတိယဆု 21"TV၊ စတုတ္ထဆု Microwave ၊ ပဉ္စမဆု စက်ဘီး၊ နှစ်သိမ့်ဆု JXD MP4, Cloth Dryer, Air Purifier စသည့်ပစ္စည်းများကို ကံစမ်းမဲ ဖွင့်ပေးမည်ဖြစ်သည်။

အဆိုပါ Electronic Promotion ပွဲတော်ကို နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်ထိုမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ကျိုက်ထို နိုဝင်ဘာ ၂၄

ကျိုက်ထိုမြို့နယ် စိုက်ပျိုးတိုးတက်မှု မြင့်မားရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၀၉-၂၀၁၀ခုနှစ် မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၃၀ရက် နံနက် ၉နာရီက ကော့ထင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၆) ဦးပိုင်အမှတ် (၁/၂က) တောင်သူဦးကြည်သိန်း၏ လယ်မြေ ၁၂ ဧကတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးတိုးတက်မှုမြင့်မားရေးအဖွဲ့ဝင် ဌာနဆိုင်ရာများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးတိုးတက်မှုမြင့်မားရေးအဖွဲ့ဝင်များက မိုးစပါးရိတ်သိမ်းရာတွင် အလေအလွင့်နည်းပါးရေး၊ မိုးစပါးပြီး တစ်မိုးနှစ်သီးနှင့် နွေစပါးစိုက်ပျိုးရေး၊ ဆီထွက်သီးနှံပဲမျိုးစုံ ဆက်လက်စိုက်ပျိုးရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တောင်သူဦးကြည်သိန်း၏ လယ်မြေ ၁၂ ဧကတွင် ရွှေဝါထွန်း မိုးစပါးစံကွက်ရိတ်သိမ်းကြရာ တစ်ဧကလျှင် ၇၉ဒသမ ၇၇ တင်း ထွက်ရှိပြီး တစ်မိုးနှစ်သီးအတွက် ရွှေဘို(၁) စပါးစိုက်ပျိုးရန် မြေပြုပြင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

မျှော်လင့်မထားသော အတွေ့အကြုံများ

ယိမ်းနန်

သူငယ်ချင်း ဘရန်ရှောင်-

ငါသတိရခြင်းများစွာနဲ့ ဗထူးဗိုလ်သင်တန်းကျောင်းကနေ စာရေးလိုက်ပါတယ်။ ငါတို့ NDAK အဖွဲ့ နယ်ခြားစောင့်တပ်ဖွဲ့စည်းလိုက်တဲ့သတင်းတွေ မင်းလည်းကြားသိပြီးဖြစ်မယ်ထင်ပါတယ်။ တပ်ဖွင့်ပွဲသတင်းတွေမှာ မင်းမြင်တဲ့အတိုင်းပဲ ငါတို့တွေအားလုံး တကယ့်တပ်မတော်သားတွေ ဖြစ်သွားပြီဆိုတာ မယုံမရှိနဲ့သူငယ်ချင်း။ တပ်မတော်ယူနီဖောင်းတွေဝတ်၊ နိုင်ငံတော်သစ္စာဆိုပြီး နိုင်ငံတော်က ချီးမြှင့်တဲ့ ထောက်ပံ့အားပေးမှုတွေကြောင့် ငါတို့အားလုံး ရုပ်ပိုင်းဆိုင်ရာအပြင် စိတ်ဓာတ်တွေပါ ပြောင်းလဲပြီး စိတ်သစ်လူသစ်နဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အဆင့်ဆင့် လုပ်နေကြပြီကွာ။

တပ်ဖွင့်ပွဲနေ့ကဆိုရင် တပ်မတော်က ထုတ်ပေးထားတဲ့ စစ်ဖိနပ်ကိုစီး၊ လှပတဲ့လက်မောင်းတံဆိပ်နဲ့ သစ်လွင်တဲ့ ယူနီဖောင်းကိုဝတ်၊ ခံ့ညားတဲ့ တပ်မတော်ဗိုလ်ဦးထုပ် (Peak Cap) ကို ဆောင်းထားတဲ့ ငါ့ကို တိုင်းမှူးလို့ပြောတဲ့ ဗိုလ်ချုပ်က ဗိုလ်အပွင့်တွေကို ကိုယ်တိုင် တပ်ပေးတယ်ကွာ။ ငါ့ဘဝမှာ ဒီလို လူကြီးတစ်ယောက်ကို နီးနီးကပ်ကပ်ဆုံဖူးတာ ပထမဆုံးပါပဲ။ ပခုံးပေါ်က ရွှေရောင်ကြယ်ပွင့်တွေ ပြုတ်ကျသွားမှာစိုးရိမ်လို့ မကြာခဏ ခေါင်းလှည့်ငုံ့ကြည့်နေမိတဲ့ငါ့ကို တိုင်းမှူး ဗိုလ်ချုပ်က ရင်းရင်းနှီးနှီး ပခုံးပုတ်ပြီး **"ဗိုလ်ကြီးကို နိုင်ငံတော်က တပ်မတော်သား နိုင်ငံ့သားကောင်းအဖြစ် သတ်မှတ်လိုက်ပြီ"** လို့ ပြောလိုက်တဲ့အချိန်မှာ ငါလေ ကြက်သီးတွေထပြီး အသားတွေတောင် တုန်မိပါတယ်။ ဟုတ်တယ် သူငယ်ချင်း၊ တိုင်းမှူး ဗိုလ်ချုပ်ပြောသလို ငါတို့က နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ရတော့မယ့် နိုင်ငံ့သားကောင်းတွေ ဖြစ်သွားပြီလို့ တကယ်ပဲ စိတ်ထဲမှာ ခံစားရပါတယ်။

အရင်တုန်းက ငါတို့ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့၊ ဘာတွေပဲ လုပ်ခဲ့လုပ်ခဲ့ အခုအချိန်မှာတော့ နိုင်ငံတော်သစ္စာဆိုပြီး ဒို့ဒေသ၊ ဒို့လူမျိုး၊ ဒို့တိုင်းရင်းသားအားလုံးအတွက် ကိုယ့်ဒေသ၊ ကိုယ့်ရပ်ရွာမှာပဲ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရတော့မယ်လေ။ နိုင်ငံတော်က ချီးမြှင့်ငွေတွေ ထောက်ပံ့ပေးတယ်၊ ရိက္ခာတွေ ထုတ်ပေးတယ်၊ လစာပေးတယ်၊ စစ်ဝတ်ပစ္စည်းဆိုရင်လည်း ငါတို့တွေ မသုံးဖူးတဲ့ ပစ္စည်းမျိုးစုံအပါအဝင် (၃၅) မျိုးပေးတယ်။ တပ်ရင်းဆေးခန်းနဲ့ သားဖွားခန်းအတွက် ပစ္စည်း(၁၆)မျိုး၊ အခြားအသုံးအဆောင်ပစ္စည်း (၁၄)မျိုး အများကြီးပါပဲ။ တပ်အတွက် ကား၊ ဆိုင်ကယ်၊ လက်နှိပ်စက်ကအစ၊ တပ်ရန်ပုံငွေတွေလည်း ထောက်ပံ့ပေးတယ်ကွာ။ ကုန်ကုန်ပြောရရင် ငါတို့ရဲ့ ရှေ့တန်းစခန်းတွေကိုတောင် တပ်မတော်က ရိက္ခာတွေ စုပုံပေးနေပြီး မိသားစုတွေအတွက် ကျန်းမာရေး၊ ပညာရေးကအစ ဘာမှ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးနေတယ်လေ။

တကယ်လို့ ငါတို့အတွက် တစ်ခုခုလိုတယ်ဆိုရင်လည်း တပ်မတော်က အရာရှိတွေ၊ ဆရာကြီးတွေက အားလုံး ဝိုင်းလုပ်ပေးလို့ အခက်အခဲမရှိပါဘူး။ တကယ်တမ်းကျတော့ **နယ်ခြားစောင့်တပ်ကို အခြားတပ်တွေက ပြောင်းရွှေ့တာဝန် ထမ်းဆောင်လာတဲ့ လူ ၃၀ရှိလို့ ဒို့တွေရဲ့တပ် စုဖွဲ့မှု၊ တည်ဆောက်မှု၊ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုတွေ အရမ်းအဆင်ပြေပါတယ်။ မင်းသိတဲ့အတိုင်းပဲ ငါတို့အဖွဲ့အစည်းဆိုတာ ရုံးလုပ်ငန်းတွေမှာ အားနည်းတယ်လေ။ ပြီးတော့ တပ်မတော်ရဲ့ လုပ်ထုံးလုပ်နည်းတွေကို ချက်ချင်း သိနားလည်ဖို့ဆိုတာ မလွယ်ကူနိုင်ပါဘူး။ နှစ်ပေါင်းကြာရှည်စွာရှိနေတဲ့ အဖွဲ့အစည်းတစ်ခုရဲ့ ရုပ်တည်မှု ပုံသဏ္ဍာန်ကို သိမ်မွေ့ညင်သာစွာ ပြောင်းလဲနိုင်ဖို့ဆိုတာ ဒီလိုပေါင်းစပ်မှုနဲ့ ထိန်းညှိသင်ယူပြီး ပြောင်းမှပဲ အလွယ်တကူ ဖြစ်မယ်ထင်ပါတယ်။ သူတို့လည်း တာဝန်အရ ဒို့ဒေသမှာ လာတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေပဲ ဖြစ်တယ်လေ။ ငါတို့ကလည်း နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေဖြစ်သွားပြီဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် ကွဲပြားခြားနားမှုတွေ မရှိတော့ဘဲ အားလုံး တစ်ပြေးညီ တပ်မတော်သားတွေ ဖြစ်နေပါပြီကွာ။**

မင်းသိတဲ့အတိုင်းပဲ ငါတို့ အသွင်ကူးပြောင်းတယ်ဆိုတာ ဖြစ်ကတတ်ဆန်း လုပ်လို့ရတာ မဟုတ်ဘူး။ ဒို့ကချင်ပြည်နယ်ဆိုရင် သမိုင်းကြောင်းအရ ကိုလိုနီခေတ်တစ်လျှောက်လုံးမှာ တောင်တန်းဒေသဆိုပြီး သွေးခွဲဖိနှိပ်ခံခဲ့ရတယ်။ လွတ်လပ်ရေးရပြီးတော့လည်း မင်းသိတဲ့အတိုင်းပါပဲ။ ၁၉၈၉ ခုနှစ်လောက်အထိ ငါတို့တွေ ပြေးလွှားပုန်းအောင်းပြီး ဒေသအကျိုး၊ လူမျိုးအကျိုး ဘာလုပ်နိုင်ခဲ့လို့လဲ၊ တပ်မတော်အစိုးရ လက်ထက်ရောက်မှ ငြိမ်းချမ်းရေးရပြီး ဒေသဖွံ့ဖြိုးရေး လုပ်နိုင်ခဲ့တယ်။ မင်းယုံလားတော့ မသိဘူး၊ အရင်က သုံးရက်ခရီးလောက်သွားရတဲ့ ငါတို့ရွာ ဆဒုံးကို အခုဆိုရင် မြစ်ကြီးနားကနေ နေ့ချင်းပြန်သွားလို့ ရနေပြီလေ။ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေကတော့ အများကြီးပါပဲကွာ။ စိတ်ပိုင်းဆိုင်ရာအနေနဲ့လည်း ဒို့တိုင်းရင်းသားအားလုံးက အရင် ၁၉၈၉ ခုနှစ်မတိုင်ခင်ကလို စစ်အနိဋ္ဌာရုံတွေကို ဘယ်သူမှ မခံစားချင်တော့ပါဘူး။ ဒါကြောင့်လည်း ထာဝရ ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရက လမ်းကြောင်းခင်းပေးတဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်မှာ ငါကတော့ တပ်မတော်သား တစ်ယောက်အနေနဲ့ ဝင့်ဝင့်ကြွားကြွား ဂုဏ်ယူပြီး တာဝန်ထမ်းနေပြီ သူငယ်ချင်း။

ငါတို့ရဲ့ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေကလည်း မျှော်လင့်ထားတာထက်ကို အများကြီး ခံစားခွင့်တွေရနေပြီး မျှော်လင့်မထားတဲ့ အတွေ့အကြုံတွေကို သင်ယူလေ့လာနေရတယ်ကွာ။ မင်းမျှဝေခံစားနိုင်အောင်ပြောရရင် တပ်ဖွင့်ပွဲပြီးတဲ့နောက်မှာ ဒို့နယ်ခြားစောင့်တပ်တွေ စနစ်တကျစုဖွဲ့ပြီး အခုဆိုရင် အဆင့်လိုက် သက်ဆိုင်ရာသင်တန်းကျောင်းတွေမှာ သင်တန်းတွေ တက်နေကြပြီကွ။

သင်တန်းတက်ဖို့အလာ မြစ်ကြီးနားရောက်တုန်းကလည်း ငါတို့နယ်ခြားစောင့်တပ်ဖွဲ့ဝင်တွေကို မြို့ခံ မိဘပြည်သူတွေက ကြိုဆိုတာ အရမ်းစည်တယ် သူငယ်ချင်း။ ဒီလို ကြိုဆိုပွဲမျိုး ထင်တောင် မထင်မိပါဘူး။ ဒူကထောင်က ငါ့ကောင်မလေးဆိုရင် စစ်ဗိုလ်ဝတ်စုံနဲ့ ငါ့ကို မမှတ်မိဘူးဖြစ်သွားတယ်။ သူနာပြုဆရာမလေးတွေ ပန်းစည်းဆက်တာကို မနာလိုတွေဖြစ်လို့ မနည်းဖြေရှင်းခဲ့ရသေးတယ်လေ။ **မင်းအားကျအောင်ပြောတာ မဟုတ်ဘူး သူငယ်ချင်း။ တကယ့်ကို ရင်ထဲက ကြည်နူးမှုတွေကို မင်းသိစေချင်လို့ပါ။ ပန်းစည်းဆက်တဲ့ မိဘပြည်သူတွေရဲ့ ဝမ်းသာကြည်နူးမှုတွေက ငါတို့ရဲ့ဆုံးဖြတ်ချက်တွေကို ပိုပြီး ခိုင်မာစေတယ် သူငယ်ချင်း။ ဒို့တပ်ဖွဲ့ဝင်အများစုက နယ်စပ်မှာ အနေများလို့ ဒီလိုမြို့ကြီးပေါ်မှာ ရပ်ရွာလူထုကထောက်ခံအားပေး၊ ဂုဏ်ပြုချီးကျူးခံရတာ လုံးဝ မကြုံဖူးဘူး သူငယ်ချင်း။ ငြိမ်းချမ်းရေးအရသာကို မဆုံးရှုံးချင်တော့တဲ့ မိဘပြည်သူတွေရဲ့ အားပေး ထောက်ခံမှုကတော့ ငါ့ဘဝတစ်သက် မမေ့နိုင်တဲ့ မြင်ကွင်းပါပဲကွာ။** တကယ်တော့ မြစ်ကြီးနားက မိဘပြည်သူတွေ ကြိုဆိုတယ်ဆိုတာ တစ်နိုင်ငံလုံးမှာရှိတဲ့ မိဘပြည်သူတွေကို ကိုယ်စားပြုတယ်လို့ ငါတော့ ခံစားနားလည်မိတယ်။ ငါ့လိုပဲ တပ်ဖွဲ့ဝင်အားလုံးက ခံစားရမှာ အသေအချာပဲ သူငယ်ချင်း။

နှစ်ပေါင်းကြာရှည်စွာရှိနေတဲ့ အဖွဲ့အစည်းတစ်ခုရဲ့ ရုပ်တည်မှုပုံသဏ္ဍာန်ကို သိမ်မွေ့ညင်သာစွာ ပြောင်းလဲနိုင်ဖို့ဆိုတာ ဒီလိုပေါင်းစပ်မှုနဲ့ ထိန်းညှိသင်ယူပြီး ပြောင်းမှပဲ အလွယ်တကူဖြစ်မယ်ထင်ပါတယ်။ သူတို့လည်း တာဝန်အရ ဒို့ဒေသမှာ လာတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေပဲ ဖြစ်တယ်လေ။ ငါတို့ကလည်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေ ဖြစ်သွားပြီဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် ကွဲပြားခြားနားမှုတွေ မရှိတော့ဘဲ အားလုံး တစ်ပြေးညီ တပ်မတော်သားတွေ ဖြစ်နေပါပြီ။

သင်တန်းကျောင်းရောက်တော့လည
တပ်တွေ သင်တန်းတက်ဖို့ အဆောက်အ
အဆုံး အုပ်ချုပ်မှုကိစ္စများပါမကျန် အစစအ
ပေးထားလို့ အားလုံးအဆင်ပြေပါတယ်
တော့မှပဲ ဒို့ရဲ့တာဝန်တွေကို ပိုပြ
သူငယ်ချင်း။ သင်ကြားပေးတဲ့ သင်ခန်းစာ
ထက် တပ်မတော်သားတစ်ဦးထားရှိရမယ
ကို အလုပ်အကျွေးပြုစုရမယ့် စည်းရုံးေ
ပိုပြီး လေ့လာနိုင်အောင် စီစဉ်ပေးထား
သင်တန်းတွေကို အရာရှိဆိုရင် ဗထူး
ဆရာကြီးတွေက အရာခံ/အကြပ်ကြီး သ
တွေက တပ်မတော် တန်းမြှင့်ကျောင်းေ
သူ့အဆင့်အလိုက် သိသင့်တာတွေကို
ဒါကလည်း တကယ့် လိုအပ်ချက်ပဲကွ
ဒို့တွေဟာ တစ်ချိန်က လက်နက်ကိုင်ခဲ့
ပေမယ့် စစ်နည်းဗျူဟာမဟုတ်တဲ့
ဘာသာရပ်တွေမှာ မသိသေးတာတွေ
သူငယ်ချင်း။

ဒါ့အပြင် ယုံကြည်မှု၊ နားလည်မှုနဲ့
တရားမဝင် လက်နက်ကိုင်ဆောင်ခဲ့တဲ့
လက်နက်ကိုင်ဆောင်သူတွေအဖြစ် အထူ
တာဝန်ပေးတာဖြစ်လို့ လိုအပ်တဲ့ အသိပ
တွေကို သင်ယူရမယ်ဆိုတာ ငါတို့ နား
တယ်။ ဒါကြောင့်လည်း သင်တန်းမှာ
ကြွကြွနဲ့ ကြိုးစားသင်ယူနေကြလို့
ဆရာကြီးတွေက ဒို့တစ်တွေရဲ့ ကြိုး
လေးစား အသိအမှတ်ပြုလျက် ရှိကြတ
အတွက် တကယ့်ကို ဂုဏ်ယူစရာပါပဲ

ကယားပြည်နယ်က လာတက်တဲ့
အတူတူသင်တန်းမှာဆုံရလို့ မိတ်ဆွေ
သွေးချင်းညီအစ်ကိုဆိုတဲ့ စကားလုံးကို
တယ်ကွာ။ ဘယ်နေရာ ဘယ်ဒေသမှာပဲ
ညီအစ်ကိုတွေဟာ ပြည်ထောင်စုကြီး
တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မြဲ
တယ်လေ။ ငါ့ကို တပ်မတော်က သင
စကားကြီး စကားကျယ်ပြောတယ်လို
ငါတို့လို ခေတ်ပညာတတ် လူငယ်တွေ
ထာဝရငြိမ်းချမ်း ဖွံ့ဖြိုးတိုးတက်အေ
လျှောက်လှမ်းနေတဲ့ အသွင်ကူးပြောင်း
မျှော်လင့်မထားတဲ့ အခွင့်အရေးကောင်း
ယူဆတယ်ကွာ။ တစ်နည်းအားဖြင့်ေ
နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်က
တဲ့ အတွေ့အကြုံများဖြစ်တယ်လို့ ယုံကြ
လည်း မဖြတ်နိုင်သလို နိုင်ငံတော်နဲ့ ဒို့တို
သမိုင်းကြောင်းမှာ ထူးခြားတဲ့ သမိုင်းမှတ်
ထင်တယ်။ ဒီလို ထူးခြားတဲ့သမိုင်းမှတ်
ကျကျပါဝင်ရလို့ ဂုဏ်ယူမိသလို

သင်တန်းကျောင်းရောက်တော့လည်း ဒို့လို နယ်ခြားစောင့်တပ်တွေ သင်တန်းတက်ဖို့ အဆောက်အအုံကအစ၊ သင်ခန်းစာအဆုံး အုပ်ချုပ်မှုကိစ္စများပါမကျန် အစစအရာရာ ကြိုတင်ပြင်ဆင်ပေးထားလို့ အားလုံးအဆင်ပြေပါတယ်။ သင်တန်းတက်လိုက်တော့မှပဲ ဒို့ရဲ့တာဝန်တွေကို ပိုပြီးသိနားလည်လာတယ် သူငယ်ချင်း။ သင်ကြားပေးတဲ့ သင်ခန်းစာတွေကလည်း စစ်ပညာထက် တပ်မတော်သားတစ်ဦးထားရှိရမယ့် စိတ်ဓာတ်နဲ့ ပြည်သူကို အလုပ်အကျွေးပြုစုရမယ့် စည်းရုံးရေး ဘာသာရပ်တွေကို ပိုပြီး လေ့လာနိုင်အောင် စီစဉ်ပေးထားတာ တွေ့ရပါတယ်။ သင်တန်းတွေကို အရာရှိဆိုရင် ဗထူး ဗိုလ်သင်တန်းကျောင်း၊ ဆရာကြီးတွေက အရာခံ/အကြပ်ကြီး သင်တန်းကျောင်း၊ ရဲဘော်တွေက တပ်မတော် တန်းမြှင့်ကျောင်းတွေမှာ တက်ရောက်ရပြီး သူ့အဆင့်အလိုက် သိသင့်တာတွေကို သင်ယူနေရပါတယ်။ ဒါကလည်း တကယ့် လိုအပ်ချက်ပဲကွ။ ဘာဖြစ်လို့လဲဆိုတော့ ဒို့တွေဟာ တစ်ချိန်က လက်နက်ကိုင်ခဲ့လို့ စစ်ပညာနဲ့ မစိမ်းပေမယ့် စစ်နည်းဗျူဟာမဟုတ်တဲ့ အခြားစစ်ဘက်ဆိုင်ရာ ဘာသာရပ်တွေမှာ မသိသေးတာတွေအများကြီး ရှိနေတယ် သူငယ်ချင်း။

ဒါ့အပြင် ယုံကြည်မှု၊ နားလည်မှုနဲ့ အချိန်ကာလကြာမြင့်စွာ တရားမဝင် လက်နက်ကိုင်ဆောင်ခဲ့တဲ့ ငါတို့ကို တရားဝင် လက်နက်ကိုင်ဆောင်သူတွေအဖြစ် အထူးကိစ္စရပ်အနေနဲ့ ခန့်အပ်တာဝန်ပေးတာဖြစ်လို့ လိုအပ်တဲ့ အသိပညာနဲ့ လုပ်ထုံးလုပ်နည်းတွေကို သင်ယူရမယ်ဆိုတာ ငါတို့ နားလည်သဘောပေါက်ပါတယ်။ ဒါကြောင့်လည်း သင်တန်းမှာ ဒို့အားလုံး တက်တက်ကြွကြွနဲ့ ကြိုးစားသင်ယူနေကြလို့ သင်တန်းကျောင်းက ဆရာကြီးတွေက ဒို့တစ်တွေရဲ့ ကြိုးစားအားထုတ်မှုတွေကို လေးစား အသိအမှတ်ပြုလျက် ရှိကြတယ်။ ဒါဟာ ဒို့တစ်တွေ အတွက် တကယ့်ကို ဂုဏ်ယူစရာပါပဲ သူငယ်ချင်း။

ကယားပြည်နယ်က လာတက်တဲ့ ညီအစ်ကိုတွေနဲ့လည်း အတူတူသင်တန်းမှာဆုံရလို့ မိတ်ဆွေသစ်တွေ တိုးပွားပြီး သွေးချင်းညီအစ်ကိုဆိုတဲ့ စကားလုံးကို ပိုမိုသိရှိနားလည်လာတယ်ကွာ။ ဘယ်နေရာ ဘယ်ဒေသမှာပဲနေနေ ဒို့တိုင်းရင်းသား ညီအစ်ကိုတွေဟာ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မြဲရမယ်ဆိုတာ ပိုပြီးသိလာတယ်လေ။ ငါ့ကို တပ်မတော်က သင်တန်းကျောင်းတက်ပြီး စကားကြီး စကားကျယ်ပြောတယ်လို့မထင်နဲ့ သူငယ်ချင်း။ ငါတို့လို ခေတ်ပညာတတ် လူငယ်တွေက ဒို့ဒေသ၊ ဒို့နယ်မြေ ထာဝရငြိမ်းချမ်း ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်ဖို့ ဒီနေ့ လျှောက်လှမ်းနေတဲ့ အသွင်ကူးပြောင်းရေး လမ်းကြောင်းဟာ မျှော်လင့်မထားတဲ့ အခွင့်အရေးကောင်းဖြစ်တယ်လို့ ငါတော့ ယူဆတယ်ကွာ။ တစ်နည်းအားဖြင့်တော့ ဒီအခွင့်အရေးဟာ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်ကပေးတဲ့ မျှော်လင့်မထားတဲ့ အတွေ့အကြုံများဖြစ်တယ်လို့ ယုံကြည်မိပါတယ်။ တန်ဖိုးလည်း မဖြတ်နိုင်သလို နိုင်ငံတော်နဲ့ ဒို့တိုင်းရင်းသားလူမျိုးတွေ့ရဲ့ သမိုင်းကြောင်းမှာ ထူးခြားတဲ့ သမိုင်းမှတ်တမ်းတစ်ခု ဖြစ်လိမ့်မယ် ထင်တယ်။ ဒီလို ထူးခြားတဲ့သမိုင်းမှတ်တမ်းမှာ ငါက ရှေ့တန်းကျကျပါဝင်ရလို့ ဂုဏ်ယူမိသလို အခု တွေ့ကြုံနေရတဲ့

ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု တွေကတော့ အများကြီးပါပဲကွာ။ စိတ်ပိုင်းဆိုင်ရာ အနေနဲ့လည်း ဒို့တိုင်းရင်းသားအားလုံးက အရင် ၁၉၈၉ ခုနှစ် မတိုင်ခင်ကလို စစ်အနိဋ္ဌာရုံတွေကို ဘယ်သူမှ မခံစားချင်တော့ပါဘူး။ ဒါကြောင့် လည်း ထာဝရ ငြိမ်းချမ်းရေး အတွက် နိုင်ငံတော်အစိုးရက လမ်းကြောင်းခင်းပေးတဲ့ အသွင် ကူးပြောင်းရေး လုပ်ငန်းစဉ်မှာ ငါကတော့ တပ်မတော်သား တစ်ယောက်အနေနဲ့ ဝင့်ဝင့် ကြွားကြွား ဂုဏ်ယူပြီး တာဝန် ထမ်းနေပြီ သူငယ်ချင်း။

မျှော်လင့်မထားတဲ့ အတွေ့အကြုံတွေကို အရမ်း တန်ဖိုးထားတယ်ကွာ။

ငါကြုံတွေ့နေရတဲ့ မျှော်လင့်မထားတဲ့ အတွေ့အကြုံတွေထဲက ကြည်နူးပီတိဖြစ်ခဲ့ရတဲ့ အတွေ့အကြုံတစ်ခုကို တပ်ဖွင့်ပွဲနေ့မှာ ငါကြုံခဲ့ရသေးတယ်။ **အဲဒီနေ့က ငါ့ရဲ့ အနူး(အမေ)က "ငါ့သားအတွက် စိတ်အေးရပါပြီ၊ ငါတို့ပြည်နယ် အမြဲအေးချမ်းပါပြီ"ဆိုတဲ့ စကားတစ်ခွန်းကို မျက်ရည်တွေ ဖြိုင်ဖြိုင်ကျ၊ ငါ့ပါးနှစ်ဖက်ကို အားပါးတရနမ်းပြီး ပြောခဲ့တယ်လေ။ အနူးကျတဲ့ မျက်ရည်ဟာ ၁၉၈၉ခုနှစ်မတိုင်ခင်က ငါတို့ တိမ်းရှောင်ပုန်းလျှားရင်း တစ်ခါတစ်ရံဆုံတွေ့ချိန်မှာ ကျခဲ့တဲ့မျက်ရည်နဲ့ မတူဘူးသူငယ်ချင်း။ အခုတော့ အနူးရဲ့ မျက်ဝန်းမှာ စိုးရိမ်ကြောင့်ကြမှုတွေ မရှိတော့ဘဲ မျက်ရည်ကြားက ရွှန်းစိုတဲ့အကြည့်တွေမှာ ငါ့ကို အားကိုးယုံကြည်မှုတွေ ရှိနေတယ်ဆိုတာ ငါခံစားမိတယ်ကွာ။ အနူးလိုမျိုး မိခင်များစွာ ဒို့ကချင်ပြည်နယ်မှာသာမက ပြည်ထောင်စုကြီးအတွင်းမှာ အများအပြားရှိနေမယ်လို့ ယုံကြည်တယ် သူငယ်ချင်း။ ဒါကြောင့်မို့ ဒို့တိုင်းရင်းသား အဖွဲ့အစည်းတွေ နယ်ခြားစောင့်တပ် အသွင်ပြောင်းပြီး နိုင်ငံ့တာဝန် ထမ်းဆောင်တာဟာ ဒေသအကျိုး၊ ပြည်သူတွေအကျိုးအတွက်သာမက ငါတို့တွေရဲ့ တစ်ဦးချင်း နောင်ရေးဘဝ အာမခံချက်အတွက်ပါ လုံခြုံအေးချမ်းမှုရှိတယ်ဆိုတာ လက်တွေ့ ခံစားသိရှိနေရပြီ သူငယ်ချင်း။**

ငါ့ရဲ့ အတွေ့အကြုံတွေကို မျှဝေပြီး မင်းခံစား ကြည်နူးစေချင်လို့ ဒီစာကို မအားတဲ့ကြားက ရေးလိုက်တာပါ။ မနက် P.T (ကိုယ်လက်ကြံ့ခိုင်ရေး) ပြေးရဦးမှာဖြစ်လို့ နောက်မှပဲ စာထပ်ရေးလိုက်ပါမယ်။ သင်တန်းဆင်းပြီးလို့ ခွင့်ရရင် ယူနီဖောင်းဝတ်ပြီး မင်းတို့ ဗန်းမော်အိမ်ကို ငါလာလည်ပါဦးမယ်။

မင်းရဲ့ သူငယ်ချင်း-

ဗိုလ်ယိန်းနန်

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း

ခေတ္တ ဗထူးတပ်မြို့၊ ရှမ်းပြည်နယ်။

ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနား

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ်အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၀၉)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် ဘဏ်လုပ်ငန်းကဏ္ဍကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် အရေးပါသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းတွင် လေ့လာသင်ကြားရမည့် ဘဏ်လုပ်ငန်းဆိုင်ရာ ဥပဒေများ၊ ဘဏ်လုပ်ငန်းကြီးကြပ်ကွပ်ကဲမှုပညာရပ်များ စသည့် ပညာဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ ပေါင်းစပ်အသုံးပြုနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်သင်ယူကြရမည်ဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးတွင် MEB Online e-Banking စနစ် အမြန်အကောင်အထည်ဖော်ရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ရာ သင်တန်းသားများအနေဖြင့် လေ့လာဆောင်ရွက်ကြရန်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးသည် သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ လက်ထောက်မန်နေဂျာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

လေ့လာဆည်းပူး

အဆိုပါ မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၀၉)တွင် မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ်ဘဏ်ခွဲများမှ လက်ထောက်မန်နေဂျာ သင်တန်းသားများသည် ရက်သတ္တနှစ်ပတ်ကြာ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းဆိုင်ရာ အသိပညာများ အစရှိသည်တို့ကို လေ့လာဆည်းပူးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် လမ်းခွကျေးရွာအုပ်စု ပေါမော ကျေးရွာ ဟေမာန်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၈ရက်က အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ ဟေမာန်ဦး စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ခရိုင်ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

■ *ကျောဖုံးမှ*

သုတေသီများက စတော့ဟုမ်းမြို့မှ အမျိုးသား အလုပ်သမား ၂၇၅၅ဦးကို ၁၉၉၂ခုနှစ်နှင့် ၁၉၉၅ခုနှစ်အတွင်း စတင်သုတေသန ပြုလုပ်ခဲ့သည်။

အထက်အရာရှိ သို့မဟုတ် လုပ်ဖော်ကိုင်ဖက်များနှင့် လုပ်ငန်းခွင်၌ ဆက်ဆံရေး အဆင်မပြေသည့်အခါ အမျိုးသား အလုပ်သမားများအနေဖြင့် မည်သို့ခံစားရင်ဆိုင်ရကြောင်း လေ့လာရာတွင် ဒေါသကို မျိုသိပ်ထားရမှုနှင့် နှလုံးရောဂါတို့ အခိုင်အမာ ဆက်စပ်မှု ရှိကြောင်း တွေ့ရသည်။

၂၀၀၃ခုနှစ် အရောက်တွင် အဆိုပါ အမျိုးသားအလုပ်သမား ၂၇၅၅ဦးအနက် နှလုံးရောဂါဖြစ်သူ၊ နှလုံးရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၄၇ဦးရှိကြောင်း တွေ့ရသည်ဟု ဆိုသည်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ စစ်ကိုင်းမြို့နယ် စကျင်ကျေးရွာ၌ ကျင်းပ

စစ်ကိုင်း နိုဝင်ဘာ ၂၄

စစ်ကိုင်းမြို့နယ် စကျင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ရတနာကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ရက်က ယင်းကျောင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မောင်အုန်း၊ မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကောင်းညွန့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ **(အောက်ပုံ)**

ဆက်လက်၍ ကျောင်းဆောင်သစ်နှင့်ပတ်သက်သော မှတ်တမ်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်သန်းက မြို့နယ်ပညာရေးမှူးသို့ လွှဲပြောင်းပေးအပ်သည်။

ဆောက်လုပ်လှူဒါန်း

အဆိုပါ ကျောင်းဆောင်သစ် အဆောက်အအုံမှာ အလျားပေ ၇၀၊ အနံပေ ၃၀ရှိ အာရ်စီတစ်ထပ် ကျောင်းဆောင်ဖြစ်ပြီး အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ဖြင့် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ ဆက်)

တိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဗန်းမော်ပြည်သူ့ဆေးရုံ။ (မြန်မာ့အလင်း)

* ရှေ့ဖုံးမှ

ဗန်းမော်ခရိုင်သည် ကချင်ပြည်နယ် အတွင်းရှိ မြစ်ကြီးနားခရိုင်၊ ပူတာအိုခရိုင်နှင့် မိုးညှင်းခရိုင်တို့အနက် အရှေ့ဘက် တရုတ်နိုင်ငံနှင့် ထိစပ်လျက်ရှိသည့် ခရိုင်တစ်ခုဖြစ်သည်။ ထို့ကြောင့် ဗန်းမော်ခရိုင်ကို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်ကုန်သွယ်ရေးတံခါးပေါက် တစ်ခုအဖြစ် လူသိများလှသည်။ ယခင်က မငြိမ်းချမ်းခဲ့သော်လည်း နိုင်ငံတော်က အမျိုးသား စည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်နိုင်ခဲ့သည့်နောက် တည်ငြိမ်အေးချမ်း လာခဲ့ပြီ ဖြစ်သည့် အလျောက် ဖွံ့ဖြိုးတိုးတက်မှုများကို ဗန်းမော်ခရိုင်အတွင်း နေရာအနှံ့အပြား တွေ့နေရလေပြီ။

ဗလမင်းထင်တံတား

မြန်မာ့အလင်း သတင်းအဖွဲ့သည် မကြာမီက ဗန်းမော်ခရိုင် အတွင်းသို့ ရောက်ရှိခဲ့ပေသည်။ သတင်းအဖွဲ့ မြစ်ကြီးနားမြို့မှ မှန်လုံဘတ်စ်ကားဖြင့် ထွက်ခွာခဲ့ကြရာ ဗလမင်းထင်တံတားကြီးကို ဖြတ်ကျော်ပြီး မကြာမီ ဝိုင်းမော်မြို့သို့ ရောက်သည်။ မြစ်ကြီးနားနှင့်ဝိုင်းမော် ခုနစ်မိုင်သာ ဝေးသည်။ လမ်းတွေကလည်း နိုင်ငံတကာ အဆင့်မီလမ်းကြီးတွေ ဖြစ်သည်မို့ အချိန်တို အတွင်း၌ပင် ဝိုင်းမော်မြို့သို့ ရောက်လာခဲ့တော့သည်။

မြို့တွင်းလမ်း

ဝိုင်းမော်မြို့တွင်းရှိ လမ်းများသည်လည်း မြစ်ကြီးနားမြို့မှ မြို့တွင်းလမ်းများကဲ့သို့ပင် နိုင်လွန်ကတ္တရာ လမ်းကျယ်ကြီးတွေခင်းထားသည်။ ဝိုင်းမော်မြို့သည် စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်သည့် မြို့နယ်ဖြစ်သည်။ တစ်မိုးနှစ်သီး စပါးစိုက်ခင်းများက ကားလမ်းဘေးဝဲယာ တစ်လျှောက် မြစိမ်းရောင်ကမ္ဗလာကြီးများ ခင်းထားသည့်နှယ်…။

ဝိုင်းမော်မှ ၁၀မိုင်ခန့် လွန်သော် ကျောက်စီကားလမ်းကို တွေ့ရသည်။ ကျောက်စီလမ်းဆိုသော်လည်း ကတ္တရာလမ်းကဲ့သို့ ကောင်းသည်။ ကျောက်တုံးလေးများကို ကျပ်တည်းနေအောင် မြေကြီးထဲ စိုက်စီထားသည်မှာ အလွန်ကြည့်၍ ကောင်းလှသည်။

မိုးမောက်

ဝိုင်းမော်မြို့နယ် လွန်မြောက်သော် မိုးမောက်မြို့နယ်အတွင်း ရောက်လာခဲ့သည်။ မိုးမောက်မြို့နယ်သည် ဗန်းမော်ခရိုင် အတွင်း၌ရှိသည့် မြို့နယ် ဖြစ်သည်။ မိုးမောက်မြို့နယ်အတွင်း သစ်တောကြိုးဝိုင်းများ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားသည်ကိုလည်း တွေ့ခဲ့ရသည်။ ထို့အပြင် လမ်းဘေးတစ်လျှောက် ကျေးရွာများသည်လည်း တည်ငြိမ်အေးချမ်းမှု၏ အကျိုးဆက်ကြောင့် တဲစုဇနပုဒ်ရွာတန်းများအဖြစ်မှ ကျေးရွာကြီးတွေဖြစ်လာခဲ့ပေပြီ။

နန်ဆန်ယန်

မိုးမောက်မြို့မရောက်မီ နန်ဆန်ယန်ဆိုသည့် ကျေးရွာမှာ မြို့တစ်မြို့နီးပါး တိုးတက်ပြောင်းလဲနေသည့် ရွာကြီးတစ်ရွာကိုတွေ့ခဲ့ရသည်။ လမ်းတစ်လျှောက်မှာတော့ တိုက်နယ်ဆေးရုံများ၊ စာသင်ကျောင်းသစ်များနှင့် နေအိမ်သစ်များ အစီအရီတွေ့ခဲ့ရသည်။ မကြာမီ မိုးမောက်မြို့သို့ ရောက်ခဲ့သည်။ မိုးမောက်မှ အရှေ့ဘက် တရုတ်ပြည်နယ်စပ် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမြို့သို့ သွားရောက်နိုင်သည်။ မိုးမောက်မှ လွယ်ဂျယ်သို့ ၄၇မိုင်သာ ဝေးသည်။

မိုးမောက်မှ ဗန်းမော်သို့ ဆက်လက်ထွက်ခွာခဲ့ရာ လမ်းတစ်လျှောက်တွင် ဗန်းမော်နှင့် မြစ်ကြီးနားပြေးဆွဲသည့် ဘတ်စ်ကားများ၊ ဗန်းမော်နှင့် လွယ်ဂျယ်ပြေးသည့် ကုန်စည်ကားများ၊ လူစီးယာဉ်များ မောင်းနှင်သွားလာနေကြသည်ကို တွေ့ရသည်။ ဗန်းမော်နှင့် မြစ်ကြီးနားမြို့ကို ခြောက်နာရီကြာ ခရီးနှင်ခဲ့ရသည်။ ဗန်းမော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အတွင်းရေးမှူးဦးမျိုးဝင်းတို့က သတင်းအဖွဲ့အား နွေးထွေးစွာကြိုဆိုခဲ့သည်။ တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာသော ဗန်းမော်မြို့အကြောင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောပြသည်။

မြင်ကွင်းအဖုံဖုံ

ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ပေးမှုကြောင့် ဗန်းမော်မြို့တွင်းရှိ ဗန်းမော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်း၊ ဗန်းမော်လေဆိပ်၊ ဆက်သွယ်ရေး အိတ်ချိန်းရုံး၊ ဆေးရုံကြီးနှင့် မြို့တွင်းတိုးတက်ပြောင်းလဲလာသော မြင်ကွင်းအဖုံဖုံကို လေ့လာခဲ့ရသည်။

သတင်းအဖွဲ့သည် ဗန်းမော်-ရွှေကူ-မန္တလေးပြေးဆွဲနေသော ဗန်းမော်ဆိပ်ကမ်းကို သွားရောက် လေ့လာခဲ့သည်။ ဗန်းမော်မြို့၏ လမ်းများဆက်သွယ်ရေးသည် တစ်ချိန်က ရေလမ်းကြောင်းသာ အဓိကဖြစ်ခဲ့ရာမှ ယခုအခါ အေးချမ်းလာသောကြောင့် ဗန်းမော်မှ မန္တလေးအထိ ကုန်းလမ်းခရီးပေါက်ခဲ့ပြီဖြစ်ရာ နေ့စဉ် မှန်လုံယာဉ်ကြီးများ ပြေးဆွဲနေသည်ကို တွေ့ခဲ့ရသည်။

သတင်းအဖွဲ့သည် ဗန်းမော်ဆိပ်ကမ်းမှ ခရီးဆက်၍ အောင်မြင်ဖြစ်ထွန်းနေသော စီဟဲကျေးရွာအနီးမှ တစ်မိုးနှစ်သီး စပါးခင်းများကို သွားရောက်လေ့လာခဲ့ကြသည်။ တောင်တန်းကြီးများ ဝိုင်းရံနေသော လွင်ပြင်ကျယ်ကြီးအတွင်း အောင်မြင်ဖြစ်ထွန်းနေသည့် စပါးခင်းများကား ရှုမဆုံး အောင်ပင်။ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီ ဖြစ်ရမည်ဆိုသည့် ဦးတည်ချက်နှင့် ကချင်ပြည်နယ် တစ်ပြည်နယ်လုံး ယခုနှစ်မှစပြီး တစ်မိုးနှစ်သီး စတင်စိုက်နေသည်။ ရွှေကူမြို့နယ်တွင် တစ်မိုးနှစ်သီး အအောင်မြင်ဆုံးဖြစ်ကြောင်း သိရသည်။

စည်ပင်သာယာ

ထိုမှဆက်လက်ပြီး ဗန်းမော်မြို့၏ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မြို့နယ်စည်ပင် ဦးစီးအရာရှိ ဦးခင်မောင်ဦးနှင့် တွေ့ဆုံ မေးမြန်းခဲ့ရာ- ''ဗန်းမော်မြို့မှာ ၁၉၈၈ခုနှစ်အထိ ကတ္တရာလမ်း ၃မိုင်နဲ့ ၂ ဒသမ ၃၆ ဖာလုံ၊ ကျောက်ချောလမ်း ၄ မိုင်နဲ့ မြေသားလမ်း ၁၂မိုင် အထိသာ ရှိခဲ့ပါတယ်။''

၁၉၈၈ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာ မြို့နယ်စည်ပင်အနေနဲ့ မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ ယနေ့အထိ ကတ္တရာလမ်း ၁၂ မိုင်နဲ့ ၅ ဒသမ ၁၃ ဖာလုံ၊ ကျောက်ချောလမ်း ၁၀ မိုင်နဲ့ ၅ ဒသမ ၂၃ ဖာလုံ၊ မြေသားလမ်း ၃ မိုင်နဲ့ ၃ ဒသမ ၄၇ ဖာလုံ စုစုပေါင်း ၂၆ မိုင်နဲ့ ၅ ဒသမ ၈၃ ဖာလုံ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်သွားမယ့် လမ်းတွေကတော့ နည်းပညာတက္ကသိုလ်လမ်း၊ အောင်မင်္ဂလာလမ်း၊ စိန်ပန်းလမ်း၊ ဂျိမ်းဖော့မြေသားလမ်း၊ လမ်းလေးလမ်း အရှည်ပေ ၆၃၆၀ ဆောင်ရွက်သွားဖို့ရှိပါတယ်။ ဗလမင်းထင်လမ်းနဲ့ လက်ဝဲသုန္ဒရလမ်းတွေကို ကတ္တရာထပ်ပိုးလွှာ ခင်းပေးမှာဖြစ်ပါတယ်။ ဗိုလ်ချုပ်လမ်းနဲ့ ကမ်းနားလမ်းကိုလည်း လမ်းလယ်ကျွန်းများနဲ့ အရိပ်ရပင်၊ ပန်းအလှပင်များနဲ့ သာယာလှပနေအောင် ဆောင်ရွက်ထားပါတယ်''ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထိုမှတစ်ဆင့် ဗန်းမော်လေဆိပ်ကို သွားရောက်လေ့လာခဲ့သည်။ ဗန်းမော်လေဆိပ်သည် မူလက ပြေးလမ်း အရှည်ပေ ၅၅၀၀×ပေ၁၀၀အထိသာရှိခဲ့ရာ ၂၀၀၂ ခုနှစ်တွင်မူ လေယာဉ်ပြေးလမ်းကို ပေ ၇၅၀၀×ပေ ၁၀၀အထိ တိုးချဲ့ပေးခဲ့ကြောင်း သိရသည်။

ပြည်သူ့ဆေးရုံ

သတင်းအဖွဲ့သည် ဗန်းမော်လေဆိပ်မှအပြန် ဗန်းမော်ပြည်သူ့ဆေးရုံကြီးသို့လည်း ဝင်ရောက်လေ့လာခဲ့သည်။ ဗန်းမော်ဆေးရုံသည် ၁၉၈၈ခုနှစ်မတိုင်မီက ခုတင်၁၅၀ဆံ့ ဆေးရုံဖြစ်ပြီး ၂၀၀၃ခုနှစ်တွင်စပြီး ခုတင် ၂၀၀ဆံ့ဆေးရုံအဖြစ် တိုးချဲ့ပေးခဲ့သည်။ ဆေးရုံကြီးမှာ ခေတ်မီဆေးကုသရေး ပစ္စည်းများ၊ ဆေးဝါးများ ဖြည့်ဆည်းပေးထားသည့်အပြင် ဆရာဝန်ကြီးများ အလုံအလောက် ခန့်ထားပေးထားကြောင်း သိရသည်။

တစ်ဖန် သတင်းအဖွဲ့သည် အော်တိုအိတ်ချိန်းရုံးသို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်လွင်ဦးနှင့် တွေ့ဆုံခဲ့သည်။ ''ဗန်းမော်မြို့မှာ ၁၉၈၈ ခုနှစ်မတိုင်မီက လက်လှည့်အိတ်ချိန်းသာ ရှိခဲ့ပါတယ်။ အဲဒီတုန်းက လက်လှည့်အိတ်ချိန်းအလုံး ၁၂၀သာရှိခဲ့ပါတယ်။ ၂၀၀၁ ခုနှစ် နိုဝင်ဘာ ၂၈ရက်မှာ အော်တိုအိတ်ချိန်းရုံး ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယခုအခါမှာ အော်တိုတယ်လီဖုန်း အလုံး ၁၀၀၀ကျော် ရှိလာပါပြီ။ ဆယ်လ်လူလာ တယ်လီဖုန်းစနစ်ကို ၂၀၀၈ခုနှစ် မတ်၂၃ရက်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ လိုင်းပေါင်း ၆၇၀၀ ကျော်ရှိပါတယ်။CDMA ဖုန်းကို ဥဒေါင်းတောင်နဲ့ ဗန်းမော်မြို့မှာ ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် AD-SL စနစ်ကို ၂၀၀၈ခုနှစ် မတ်၂၇ ရက်မှာ ဖွင့်လှစ်နိုင်ခဲ့တာကြောင့် ဗန်းမော်မှာ အင်တာနက် သုံးနိုင်ပါပြီ''ဟု မြန်မာ့အလင်းသို့ ဦးဇော်လွင်ဦးက ရှင်းပြသည်။

ဗန်းမော်မြို့သည် တပ်မတော်အစိုးရလက်ထက် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာမှုနှင့်အတူ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် စီးပွားရေးအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ခဲ့ရပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ဗန်းမော်သူနာပြု သင်တန်းကျောင်းအဆောက်အအုံ။ (မြန်မာ့အလင်း)

ဗန်းမော်လေဆိပ်အဆောက်အအုံက ဤသို့ သပ်သပ်ရပ်ရပ်….။ (မြန်မာ့အလင်း)

ဗန်းမော်မြို့သည် တပ်မတော် အစိုးရလက်ထက် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာမှုနှင့်အတူ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် စီးပွားရေးအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာ။

ဗန်းမော်မြို့အဝင် ဆိုင်းဘုတ်က ဤသို့ ကြိုဆိုနေသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၁၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ **အင်္ဂဇယမင်္ဂလံ** (ယဉ်ဝေယံ ထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှု အက
- ၈း၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၈။ ကူးလူးယှက်နွယ်ချစ် ကြိုးသွယ်မည့်ရှမ်းတောင် တန်းဆီက တံတားကြီးများ
- ၈း၂၅ ၉။ **အမှန်ထင်နေသောအမှား**
- ၈း၃၀ ၁၀။ အတီးပြိုင်ပွဲ
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၄း၂၀ ၃။ သီချင်းကြီးပဒေသာ
- ၄း၃၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄း၄၀ ၅။ တေးဂီတအစီအစဉ်
- ၄း၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၀ ၈။ တေးဂီတအစီအစဉ်
- ၅း၃၀ ၉။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၅း၄၀ ၁၀။ စူပါတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ မြန်မာ့လေ့ရိုးရာလက်ဖွဲ့
- ၆း၄၀ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၀၅ ၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၇း၄၀ ၁၆။ ဝတ်မှုံတေးဂီတဖျော်ဖြေခန်း
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **ကြယ်စင်သက်သေ** (အပိုင်း-၄) (ဇာတ်သိမ်းပိုင်း) ရန်အောင်၊ လွင်မိုး၊ ထွန်းထွန်းဝင်း၊ နေတိုး၊ ထွန်းထွန်း (Examplez)၊ ရဲလေး၊ ဘုန်းသျှံ၊ ဆန်းထွဋ်၊ ဟိန်းဝေယံ၊ မေသန်းနု၊ မေသဥ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ စိုးမိုးကြည်၊ သဇင်၊ ဝိုင်းစုခိုင်သိန်း၊ စိုးရတနာ၊ ရှုးရှုးမောင်၊ (ဒါရိုက်တာ-မလိခ စိုးထိုက်အောင်)

နည်းပညာတက္ကသိုလ်(မန္တလေး) တတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(မန္တလေး)၏ တတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက နည်းပညာတက္ကသိုလ် ပင်မသုံးထပ်ဆောင်ခန်းမ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားတွင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း၊အမျိုးသားသွေးလှူဘဏ် တာဝန်ခံ ရောဂါဗေဒ ဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်းနှင့် တာဝန်ကျဆရာဝန်များ၊သူနာပြုများနှင့် သွေးလှူဘဏ် ဝန်ထမ်းများက သွေးလှူရှင် ကျောင်းသား ကျောင်းသူများအား စနစ်တကျ စမ်းသပ်စစ်ဆေး၍ သွေးများဖောက်ယူလက်ခံကြရာ နည်းပညာတက္ကသိုလ်(မန္တလေး) ခေတ္တ ကျောင်းအုပ်ကြီး ဒေါက်တာခင်ထိုက်ထိုက်လွင်နှင့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာခင်ထိုက်ထိုက်လွင်က သန့်စင်သော (A) သွေးအမျိုးအစား ၅၅အိတ်၊ (B) သွေးအမျိုးအစား အိတ်၇၀၊ (O) သွေးအမျိုးအစား ၇၅အိတ်နှင့် (AB) သွေးအမျိုးအစား ၂၃အိတ် စုစုပေါင်းသွေး ၂၂၃အိတ်ကို ပေးအပ်လှူဒါန်းရာ သွေးလှူဘဏ် တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ခင်စိန်ဝင်းက လက်ခံ၍ သွေးလှူရှင်တံဆိပ်နှင့် ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကြောင်းနှင့် သွေးလှူရှင်များအား အင်အားပြန်လည်ပြည့်ဖြိုးစေရန် အာဟာရဖြစ် စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(မန္တလေး)၏ တတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

● *ကျော့ဖုံးမှ*

သို့သော် လမ်းပန်းဆက်သွယ်ရေးကဏ္ဍအတွက်မူ သဘာဝအတားအဆီး တစ်ခုဖြစ်နေသည်။ ပဲခူးရိုးမရှိ တောင်စွယ်တောင်တန်းများက ပဲခူးတိုင်းအရှေ့ခြမ်းနှင့် အနောက်ခြမ်းကို တံတိုင်းတစ်ခုပမာ ခြားနားထားသည်။ တောင်ငူ၊ အုတ်တွင်း၊ဖြူး၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ညောင်လေးပင်စသည့် ပဲခူးတိုင်း အရှေ့ခြမ်းရှိမြို့များမှ အနောက်ခြမ်းရှိ ပြည်၊

မိုင်တိုင်အမှတ် (၇၂/၂)တွင် မြင်ကွင်းကောင်းရန် တောင်စွယ်ဖြတ်ရှင်း လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်။

ပေါက်ခေါင်း၊ ရွှေတောင်၊ နတ်တလင်း၊ ပေါင်းတည်၊ သာယာဝတီစသည့်မြို့များသို့ သွားလာလိုပါက ရိုးမကို ကွေ့ပတ်၍ သွားလာကြရသည်။ သွားရသည့် ခရီးလမ်း ရှည်လျားသကဲ့သို့ အချိန်လည်း များစွာကုန်သည်။ ဥပမာအားဖြင့် ပြည်မှ တောင်ငူသို့ သွားလာမည်ဆိုပါက တိုက်ကြီး၊ မှော်ဘီ၊ ပဲခူးမြို့များကို ကွေ့ပတ် ဖြတ်သန်း၍ မိုင်ပေါင်း ၃၀၀ကျော် သွားလာ နေရသည်။

သွားလာနိုင်

ပဲခူးရိုးမကိုဖြတ်ကျော်၍ သွားလာနိုင်သည့်လမ်းတစ်ခုတော့ရှိသည်။ သို့သော် အတက်အဆင်း အကွေ့အကောက်ကများ၊ လမ်းကလည်းကြမ်းသဖြင့် ဖြတ်သန်းသွားလာသူ မရှိသလောက်ပင်။ မြန်မာ့သစ်လုပ်ငန်းမှ သစ်သယ်ယူသည့် ယာဉ်ကြီးများသာ လမ်းကိုအသုံးပြုသည်။ ယင်းလမ်းကား အရှည်မိုင် ၁၂၄မိုင် ၂ဖာလုံရှိသည့် ပြည်- ပေါက်ခေါင်း- တောင်ငူလမ်း ဖြစ်သည်။

ကွင်းဆင်းလေ့လာ

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် ပြုပြင်တည်ဆောက်လျက်ရှိကြောင်း ကြားသိရသဖြင့် မိမိတို့သတင်းအဖွဲ့သည် စက်တင်ဘာ ၁၂ရက်က သွားရောက် ကွင်းဆင်းလေ့လာခဲ့သည်။

တွေ့ဆုံမေးမြန်း

အုတ်တွင်းမြို့ကိုကျော်သည်နှင့် ပဲခူးရိုးမကို စတင်ကျော်ဖြတ်ရသည်။ လမ်းဘေးဝဲယာတွင် စိမ်းညို့နေသောသစ်တောကြီးများ၊ ရတနာတန်းဝင်ကျွန်းစိုက်ခင်းများက အစီအရီဖြစ်ထွန်းနေသည်။ လမ်းတစ်လျှောက်တွင် စက်ယန္တရားများဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့မြင်ရသည်။ မိုင်တိုင်အမှတ် (၈၃/၄) အနီး မျက်ကွယ်လမ်းကျဉ်းနေရာတွင် လမ်းသားချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်။ မိုင်တိုင်အမှတ် (၈၀/၃)ရှိ ကြက်မလစ် လမ်းလုပ်ငန်းစခန်းသို့ ရောက်သောအခါ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆောက်လုပ်ရေးအထူးအဖွဲ့များမှ အင်ဂျင်နီယာများအား တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

ရှေးဦးစွာ အင်ဂျင်နီယာချုပ်က "ဒီလမ်းကို တန် ၄၀ မော်တော်ယာဉ်များ သွားလာနိုင်အောင် တိုးတက်ပြုပြင်သွားမှာဖြစ်ပါတယ်။ ပြီးခဲ့သည့်သြဂုတ်လက စပြီး အထူးအဖွဲ့ခြောက်ဖွဲ့နဲ့ မြေသားလမ်းချဲ့ခြင်း၊ အနိမ့်အမြင့်ဖြေခြင်း၊ လမ်းကြောင်းဖြောင့်ခြင်း၊ မျက်ကွယ် နေရာများအား မြင်ကွင်းကောင်းအောင်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပါတယ်။ အဲဒီနောက် ကျောက်ခင်း၊ ကတ္တရာခင်းခြင်း လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာပါ။ လုပ်ငန်းအားလုံးကို လာမယ့် မွင့်လင်းရာသီမှာ ပြီးစီးအောင် ရည်ရွယ်ဆောင်ရွက်နေပါတယ်"ဟု ဦးစွာ ရှင်းလင်းပြောကြားသည်။

ရှင်းပြ

ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ပဲခူးတိုင်း အင်ဂျင်နီယာမှူးကြီးကလည်း လမ်း စတင်ဖောက်လုပ်ခဲ့မှု၊ လမ်းပြုပြင်ထိန်းသိမ်းမှု၊ လမ်းတိုးချဲ့တည်ဆောက်မှုစသည့် လမ်း၏သမိုင်းကြောင်းကို ရှင်းပြသည်။

အဆိုပါ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းမှာ ပဲခူးတိုင်း ပြည်ခရိုင်နှင့် တောင်ငူခရိုင်အတွင်း တည်ရှိသည်။ ရန်ကုန်-ပြည်-မကွေး-မော်တော်ကားလမ်းမကြီး၏ မိုင်တိုင် (၁၈၂/၃)ရှိ တာဂွကျေးရွာမှ စတင်ပြီး ပဲခူးရိုးမကိုဖြတ်၍ ရန်ကုန်-ပဲခူး-မန္တလေး လမ်းမကြီး၏ မိုင်တိုင်အမှတ်(၁၆၆/၀)ရှိ အုတ်တွင်းမြို့အထိ ဆက်သွယ်ထားသည်။ လက်ရှိလမ်း အရှည်မှာ ၁၂၄မိုင် ၂ဖာလုံ ဖြစ်သည်။

စတင်ဖောက်လုပ်

ယင်းလမ်းကို ၁၉၅၆-၁၉၆၀ခုနှစ်တွင် နိုင်ငံတော်အစိုးရ လမ်းဌာနက စတင်ဖောက်လုပ်ခဲ့သည်။ ၁၉၆၇-၁၉၆၈ ခုနှစ်အထိ စစ်မြေပြင် အင်ဂျင်နီယာတပ်နှင့် ၁၉၇၈-၁၉၇၉ခုနှစ်မှ ၁၉၈၅-၁၉၈၆ခုနှစ်အထိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့က လမ်းကိုဆက်လက်ဖောက်လုပ်ခဲ့ရာ ၁၉၈၅-၁၉၈၆ခုနှစ်တွင် ၁၂ပေ အကျယ် ကတ္တရာလမ်းအဖြစ် ဖောက်လုပ် ပြီးစီးခဲ့သည်။ ယင်းကာလက လမ်းအရှည်မှာ ၁၀၅မိုင် ၃ဖာလုံသာရှိသည်။

၁၉၈၈-၁၉၈၉ခုနှစ်တွင် ပဲခူးရိုးမ၌ တောင်နဝင်းဆည်နှင့် ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတို့ကိုတည်ဆောက်ခဲ့ရာ လမ်းနယ်မြေအချို့ ဆည်ရေမြုပ်ဧရိယာထဲပါသွားသဖြင့် ဆည်ရှောင်လမ်းများ ဖောက်လုပ်ခဲ့ရသည်။ ထိုအချိန်မှစ၍ မူလလမ်းအရှည် ၁၀၅မိုင် ၃ဖာလုံမှ လက်ရှိလမ်းအရှည် ၁၂၄မိုင် ၂ဖာလုံအထိ ဖြစ်လာခဲ့သည်။

တည်ဆောက်ထား

၁၉၉၀-၁၉၉၁ခုနှစ်တွင် ဝန်လေးယာဉ်များဖြတ်သန်းသွားလာမှုကြောင့် လမ်းမှာ များစွာပျက်စီးခဲ့ရသည်။ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စီမံကိန်းဝင်လမ်းအဖြစ် အကောင်အထည်ဖော်ပြီး တစ်လမ်းလုံး ကတ္တရာလမ်းဖြစ်အောင် ဆောင်ရွက်ခဲ့သည်။ လမ်းမှာ ပဲခူးရိုးမရှိ တောင်စွယ်တောင်တန်းများကို ကွေ့ပတ်ဖြတ်ကျော်၍ ဖောက်လုပ်ထားသောလမ်းဖြစ်ပြီး လမ်းပေါ်တွင် သံကူကွန်ကရစ်တံတား လေးစင်း၊ ဘေလီတံတား ၁၅စင်း၊ ရေပြွန် ၁၇၅ခု စုစုပေါင်း ၁၉၄ စင်း တည်ဆောက်ထားသည်။

ရာသီမရွေးသွားလာနိုင်

လက်ရှိ လမ်းအရှည်အနက် ၆၈မိုင် ၄ ဖာလုံမှာ ၁၃တန်ခံနိုင်ဝန်ရှိသည့် ကတ္တရာလမ်းအဖြစ် တည်ဆောက်ပြီးဖြစ်သည်။ ကျန် ၅၅မိုင် ၆ဖာလုံမှာ ကျောက်လမ်းနှင့် အမာခံလမ်းအဆင့်သာရှိသည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် ယင်း ၅၅မိုင် ၆ဖာလုံအား တန် ၄၀ခံနိုင်ဝန်ရှိအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မူလကတ္တရာလမ်းဟောင်းအပိုင်းကို ၁၃တန်ခံနိုင်ဝန်ရှိသည့် လမ်းပုံစံအတိုင်းပင် ဆက်လက် ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်း အင်ဂျင်နီယာချုပ်က ဆက်လက်ရှင်းပြသည်။ တိုးတက် ပြုပြင်ရာတွင် ကတ္တရာလမ်းအကျယ် ၁၂ပေနှင့် လမ်းတစ်ဖက်တစ်ချက် မြေသားလမ်းပခုံး အကျယ် ရှစ်ပေစီရရှိအောင် ဖောက်လုပ်သွားမည်ဖြစ်သည်။ သို့ဖြစ်ရာ စုစုပေါင်း ၂၈ပေအကျယ်ရှိ ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် တိုးတက်လာပေတော့မည်။

ဒုတိယအဆင့်အနေဖြင့် ၁၃တန်ယာဉ်သာ သွားလာနိုင်သည့် မူလကတ္တရာလမ်းကို တန်၄၀ ခံနိုင်ဝန်ရှိအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စစ်ဆေးတိုင်းတာ

လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းကို အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောက်လုပ်ရေးအထူးအဖွဲ့ခြောက်ဖွဲ့ဖြင့် စုဖွဲ့ဆောင်ရွက်လျက်ရှိရာ လမ်းအထူးအဖွဲ့ (၇)က ၁၇မိုင် ၂ဖာလုံ၊ အဆောက်အအုံအထူးအဖွဲ့(၃)က ၈မိုင် ၁ဖာလုံ၊ လေယာဉ်ကွင်းအထူးအဖွဲ့(၂) နှင့် လမ်းအထူးအဖွဲ့(၅)တို့က ၁၀မိုင်စီ၊ တောင်ငူခရိုင်ဆောက်လုပ်ရေးအဖွဲ့က ၃မိုင်နှင့် အဆောက်အအုံအထူးအဖွဲ့(၅)က ၇မိုင် ၂ဖာလုံစီ တာဝန်ခွဲဝေ၍ ဆောင်ရွက်နေသည်။ ထို့အပြင် ကျန်ရှိသောကတ္တရာလမ်း ၆၈မိုင် ၄ဖာလုံကိုလည်း ပြည်ခရိုင်ဆောက်လုပ်ရေးအဖွဲ့က အထူးပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအဖြစ် တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်။ အဖွဲ့တိုင်းတွင် အရည်အသွေး စစ်ဆေးတိုင်းတာရေးအဖွဲ့များ ပူးတွဲ၍ လမ်းစံချိန်စံညွှန်းကို စစ်ဆေးတိုင်းတာလျက်ရှိကြောင်း သိရသည်။

လမ်းတိုးတက်ပြုပြင် တည်ဆောက်ပြီးနောက် လမ်းအစဉ်ကြံ့ခိုင် ကောင်းမွန်နေစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် ယင်းလုပ်ငန်းဆောင်ရွက်ရာ၌ မိမိဌာနဝန်ထမ်းများအပြင် ပဲခူးရိုးမပေါ်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ဝန်ထမ်းအဖြစ် ရွေးချယ်ခန့်အပ်၍ တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ သို့ဖြစ်ရာ ဒေသခံပြည်သူများလည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာတော့မည်ဖြစ်သည်။

"လမ်းပြီးစီးသွားရင် လမ်းကို ဒေသခံပြည်သူများ သွားလာရေးအတွက်ပဲ အသုံးပြုသွားမှာပါ။ မြန်မာ့သစ်လုပ်ငန်းက သစ်ထုတ်စရာရှိရင်လည်း သစ်သယ်ယူတဲ့ ကားတွေအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ သစ်ထုတ်လုပ်ရေးကုမ္ပဏီတွေက သီးခြားကုန်ထုတ်လမ်းဖောက်လုပ် အသုံးပြုမှာဖြစ်ပါတယ်"ဟု အင်ဂျင်နီယာချုပ်က ပြောကြားသည်။

မြေသားလမ်း တိုးချဲ့ပြီးစီးနေမှုကို တွေ့ရစဉ်။

လမ်းခရီးတွင် ပဲခူးရိုးမရှိ အုတ်တွင်းမြို့နယ် ပြောင်ခေါင်းကျေးရွာမှ ဦးစောဖိုးထယ်အား ခရီးသွားရင်း စကားစပ်မိ၍ မေးမြန်းကြည့်ရာ "ကျွန်တော်တို့လို ပဲခူးရိုးမမှာရှိတဲ့ ရွာတွေက ဒေသခံတွေဟာ သွားစရာလမ်း ကောင်းကောင်းမရှိတဲ့အတွက် ဘယ်ဒေသကိုမှ မသွားလာနိုင်ခဲ့ပါဘူး။ ဒါကြောင့် အသိအမြင်၊ ဗဟုသုတ နည်းပါးပြီး ပညာရေး၊ ကျန်းမာရေးက အစ အဘက်ဘက်ကဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့ရပါတယ်။ အခု ဒီလမ်းကောင်းသွားရင်တော့ သွားလာရေးကစပြီး အစစအရာရာ အဆင်ပြေလာတော့မှာပါ"ဟု ပြောကြားသည်။

ဝမ်းသာကြည်နူး

အလားတူ ရွှေတောင် ငွေတောင်ကျေးရွာမှ ဦးအေးဆောင်ကလည်း "လမ်းကောင်းသွားတာနဲ့အမျှ လိုင်းကားတွေလည်း ပြေးဆွဲလာခဲ့ရင် ရိုးမမှာနေတဲ့ ကျွန်တော်တို့ဒေသခံတွေအနေနဲ့ အနောက်ဘက်ဆို ပေါက်ခေါင်း၊ ပြည်၊ အရှေ့ဘက်ဆိုရင် အုတ်တွင်း၊ တောင်ငူကနေ နေပြည်တော်အထိ အလွယ်တကူ သွားလာနိုင်တော့မှာ ဖြစ်ပါတယ်" ဟူ၍ ဝမ်းသာကြည်နူးဟန်ဖြင့် ပြောပြသည်။

ဒေသခံပြည်သူများအနေဖြင့် ပြည်မှ နေပြည်တော်သို့ သွားလာလိုပါက ရိုးမကို ပတ်၍ ရန်ကုန်၊ ပဲခူးမှတစ်ဆင့် သွားလာနေရသည်။ ခရီးမိုင် ၄၂၄မိုင်ရှိပြီး ယာဉ်သွားလာချိန် ၁၄နာရီခန့် ကြာမြင့်သည်။ ယခု မိမိတို့ သတင်းအဖွဲ့ နေပြည်တော်မှ ပြည်သို့ ရိုးမဖြတ်လမ်းမှတစ်ဆင့် သွားရောက်ရာတွင် ခုနစ်နာရီခန့်သာ သွားလာရသည်။ ခရီးမိုင် ၁၈၀ခန့်သာ မောင်းနှင်ရသည်။ ခရီးမိုင် တိုတောင်းသွားသကဲ့သို့ ခရီးသွားချိန် ထက်ဝက်သက်သာသည်။ လမ်းကောင်းမွန်ပါက ထို့ထက်မက ခရီးသွားချိန် သက်သာပေမည်။ ထို့ကြောင့် ဤလမ်းသည် လူတိုင်းအတွက် တန်ဖိုးရှိသော အချိန်များစွာကို ချွေတာပေးနိုင်မည့် လမ်းပင်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်

လမ်းပြုပြင်တည်ဆောက်ပြီးစီးပါက ပို၍ပင် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပေတော့မည်။ သွားလမ်းသာ၍ လာလမ်းဖြောင့်ပေတော့မည်။ ထို့အတူ ပဲခူးရိုးမပေါ်ရှိ ရွှေတောင်ငွေတောင်၊ ခပေါင်း၊ ပြောင်ခေါင်း၊ ပေါ်လံကြီး၊ ပေါ်လံလေး စသည့် ကျေးရွာများသည်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာမှုနှင့်အတူ ရောင်းပန်းသာ၍ ဝယ်ပန်းလှပေတော့မည်။ ဒေသ၏ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် ကဏ္ဍများတွင်လည်း ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဇေယျာရွှေမြေအသင်း ဦးဆောင်နေတဲ့
MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ

➤ သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)က ကြီးမှူးကျင်းပတဲ့ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၄ရက်ကစပြီး ပဒုမ္မာကွင်းနဲ့ စလင်းကွင်းတို့မှာ တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပလျက်ရှိပါတယ်။

ယှဉ်ပြိုင်

ဇေယျာရွှေမြေနှင့် ရတနာပုံတို့ ယှဉ်ပြိုင်ကြစဉ်။ (မြန်မာ့အလင်း)

ဒုတိယနေရာတွင် ရောက်ရှိနေသည့် မကွေးအသင်းသားများ။ (မြန်မာ့အလင်း)

အဲဒီ MNL အရန်အသင်း အမှတ်ပေးပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ပရိုအသင်းကြီး ရှစ်သင်းစလုံးက အရန်အသင်းတွေ ပါဝင်ယှဉ်ပြိုင်နေကြပါတယ်။

နိုဝင်ဘာ ၂၂ရက် ပွဲစဉ်တွေ အပြီးမှာတော့ တစ်သင်းလျှင် သုံးပွဲစီ ကစားထားကြပြီး ဇေယျာရွှေမြေအသင်းနဲ့ မကွေးအသင်းတို့ဟာ ခုနစ်မှတ်စီရရှိကာ ထိပ်ဆုံးနေရာအတွက် အပြိုင်ဖြစ်နေကြပါတယ်။

ဒါပေမယ့် ဇေယျာရွှေမြေအသင်းက သွင်းဂိုးအသာနဲ့ ဇယားထိပ်ဆုံးကနေ ဦးဆောင်ခွင့် ရရှိထားပြီး တတိယနေရာကိုတော့ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ်ငါးမှတ်နဲ့ ရယူထားနိုင်ပါတယ်။ စတုတ္ထနေရာမှာ ဒဲလ်တာယူနိုက်တက်၊ ပဉ္စမနေရာမှာ ဥဿာယူနိုက်တက်၊ ဆဋ္ဌမနေရာမှာ ဆောက်သမ်းမြန်မာ၊ သတ္တမနေရာမှာ ကမ္ဘောဇအသင်းတို့က ရောက်ရှိနေကြပြီး အသင်းကြီးပြိုင်ပွဲမှာ ရလဒ်ကောင်းတွေ ဆက်တိုက်ရရှိနေတဲ့ ရတနာပုံအသင်းကတော့ အရန်အသင်းပြိုင်ပွဲမှာ အခြေမလှဘဲ သုံးပွဲကစားရာမှာ ပွဲတိုင်းရှုံးနိမ့်ပြီး အမှတ်ပေးဇယား အောက်ဆုံးကို ရောက်ရှိနေပါတယ်။

ဦးဆောင်နေ

ထိပ်ဆုံးက ဦးဆောင်နေတဲ့ ဇေယျာရွှေမြေအသင်းဟာ လူငယ်ကစားသမားများကို အခြေခံထားပြီး အသင်းကြီးမှာ ကစားဖူးတဲ့ ကျော်ဇင်ဝင်း၊ စည်သူသန်း၊ ကျော်ဌေးဦး၊ ဇော်ဇော်အောင် စတဲ့ ကစားသမားတွေ ပါဝင်ကစားနေကြပါတယ်။ ပွဲဦးထွက်ပွဲမှာ မကွေးအသင်းနဲ့ ဂိုးမရှိ သရေကျခဲ့ပေမယ့် ဒုတိယပွဲမှာ ဆောက်သမ်းကို တစ်ဂိုး-ဂိုးမရှိ၊ ရတနာပုံကို သုံးဂိုး-တစ်ဂိုးတို့နဲ့ အနိုင်ရရှိပြီး ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒုတိယနေရာလိုက်နေတဲ့ မကွေးအသင်းဟာ အသင်းကြီးက ကစားသမားတွေမပါဝင်ဘဲ သီးသန့်ဖွဲ့စည်းထားတဲ့အသင်းနဲ့ ယှဉ်ပြိုင်နေတာဖြစ်ပါတယ်။ ကမ္ဘောဇကို နှစ်ဂိုး-ဂိုးမရှိ၊ ဆောက်သမ်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားပြီး ဇေယျာရွှေမြေအသင်းကို သရေကစားထားပါတယ်။ ကမ္ဘောဇနဲ့ ဥဿာယူနိုက်တက်တို့ကို သရေကစားထားပြီး ဒဲလ်တာယူနိုက်တက်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားထားတဲ့ ရန်ကုန်ယူနိုက်တက်အသင်းဟာ လူငယ်ကစားသမားတွေကို နေရာပေးနေသလို အသင်းကြီးမှာ ပုံမှန်ပွဲထွက်ခွင့်မရတဲ့ ကြည်လင်း၊ မောင်မောင်မြင့်၊ နိုင်ဦးလွင်၊ အောင်သိုက်စတဲ့ ကစားသမားတွေကိုလည်း အသုံးပြုနေတဲ့ အသင်းဖြစ်ပါတယ်။

ရန်ကုန်ယူနိုက်တက်အသင်း ဒဲလ်တာအသင်းဘက်သို့ အနိုင်ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။ (မြန်မာ့အလင်း)

ရပ်တည်နိုင်

အသင်းကြီးမှာကစားဖူးတဲ့ မြင့်နိုင်၊ ဇင်မျိုးအောင်တို့လောက်သာပါပြီး အရန်ကစားသမားတွေနဲ့ ဖွဲ့စည်းထားတဲ့ ဒဲလ်တာယူနိုက်တက်အသင်းဟာ အဖွင့်ပွဲမှာ ရတနာပုံအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ရန်ကုန်ကိုရှုံးပြီး ကမ္ဘောဇနဲ့ တစ်ဂိုးစီ သရေကျခဲ့တာကြောင့် ဒဲလ်တာယူနိုက်တက်အသင်းဟာ စတုတ္ထနေရာမှာပဲ ရှိနေပါတယ်။ ပဉ္စမနေရာမှာရောက်ရှိနေတဲ့ ဥဿာအသင်းဟာ အဖွင့်ပွဲမှာ ဆောက်သမ်းကို ရှုံးနိမ့်ခဲ့ပေမယ့် ရတနာပုံကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်၊ ရန်ကုန်နဲ့ ဂိုးမရှိ သရေကစားနိုင်ခဲ့တာကြောင့် ဒီအဆင့်မှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ အသင်းကြီးမှာ ကစားနေတဲ့ လူငယ်ကစားသမားတွေပါဝင်လာတဲ့ ဆောက်သမ်းအသင်းဟာ အဖွင့်ပွဲမှာ ဥဿာကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားနိုင်ခဲ့ပေမယ့် ဇေယျာရွှေမြေနဲ့ မကွေးကို နှစ်ပွဲဆက်ရှုံးခဲ့တာကြောင့် ဆဋ္ဌမနေရာမှာ ရောက်ရှိနေပါတယ်။

ကမ္ဘောဇအသင်းကတော့ အသင်းကြီးမှာပါဝင်ကစားနေတဲ့ အောင်ကျော်ဦး၊ နေဇော်ထက်၊ အောင်သန်းဝင်းတို့အပြင် စထက်နိုင်ဝင်း၊ ဉာဏလွင်၊ စည်သူအောင်၊ မင်းမင်းထွန်း စတဲ့ ကစားသမားတွေ ပါဝင်ကစားနေကြပေမယ့် အကောင်းဆုံးပုံစံမရသေးဘဲ သုံးပွဲကစားရာမှာ နိုင်ပွဲမရသေးပါဘူး။ ရန်ကုန်နဲ့ ဒဲလ်တာယူနိုက်တက်ကို သရေကစားနိုင်ခဲ့ပြီး မကွေးကို ရှုံးနိမ့်ခဲ့တာကြောင့် သတ္တမနေရာအထိ ရောက်နေတာဖြစ်ပါတယ်။ ကျော်ဇေယျာမင်း၊ ကျော်ဇေယျာဝင်းတို့လို လက်ရွေးစင်ဟောင်းတွေနဲ့ အသင်းကြီးက အရန်ကစားသမားတွေပါဝင်ကစားနေတဲ့ ရတနာပုံအသင်းကတော့ သုံးပွဲကစားပြီးချိန်အထိ အခြေမလှသေးပါဘူး။ ဒဲလ်တာ၊ ဥဿာ၊ ဇေယျာရွှေမြေတို့ကို ရှုံးနိမ့်ထားတာကြောင့် ဇယားအောက်ဆုံးမှာ ရောက်နေပါတယ်။

တစ်သင်းနှင့်တစ်သင်း ခြေစွမ်းမကွာဘဲ နောက်ထပ် ၁၁ ပွဲစီ ထပ်မံကစားရဦးမှာ ဖြစ်တာကြောင့် ချန်ပီယံဆုအတွက် အသင်းတိုင်း ကြိုးစားခွင့်ရ။

အကြိတ်အနယ်

တစ်သင်းနှင့်တစ်သင်း ခြေစွမ်းမကွာဘဲ နောက်ထပ် ၁၁ ပွဲစီ ထပ်မံကစားရဦးမှာဖြစ်တာကြောင့် ချန်ပီယံဆုအတွက် အသင်းတိုင်း ကြိုးစားခွင့်ရရှိနေသေးပါတယ်။ ခြေမှန်ရနေတဲ့အသင်းတွေ လက်ရှိအခြေအနေကို ဆက်ထိန်းနိုင်ပြီး ရလဒ်တွေဆိုးနေတဲ့ အသင်းတွေလည်း ခြေပြန်ကောင်းလာရင်တော့ အရန်အသင်းပြိုင်ပွဲဟာ ဒီထက်ပိုပြီး အကြိတ်အနယ်ရှိလာမှာ သေချာပါတယ်။ ။

ယနေ့ပွဲစဉ်

ပဒုမ္မာကွင်း

မကွေးအသင်း - ဒဲလ်တာယူနိုက်တက်

စလင်းကွင်း

ဆောက်သမ်းမြန်မာ - ရတနာပုံ

(မြန်မာ့အလင်း)

နိုဝင်ဘာ ၂၂ရက်ပွဲစဉ်ပြီး အသင်းများ၏ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
၁	ဇေယျာရွှေမြေ	၃	၂	၁	-	၄	၁	၇
၂	မကွေး	၃	၂	၁	-	၃	-	၇
၃	ရန်ကုန်ယူနိုက်တက်	၃	၁	၂	-	၃	၂	၅
၄	ဒဲလ်တာယူနိုက်တက်	၃	၁	၁	၁	၅	၄	၄
၅	ဥဿာယူနိုက်တက်	၃	၁	၁	၁	၁	၁	၄
၆	ဆောက်သမ်းမြန်မာ	၃	၁	-	၂	၁	၂	၃
၇	ကမ္ဘောဇ	၃	-	၂	၁	၂	၄	၂
၈	ရတနာပုံ	၃	-	-	၃	၂	၈	-

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖွင့်လှစ်ပို့ချမည့် **FIFA/AFF CLUB Management and Club Liciencing Course** သင်တန်းသို့တက်ရောက်မည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သတင်းနှင့် ပြန်ကြားရေးဌာန ဒါရိုက်တာ ဦးစိုးမိုးကျော်နှင့် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကိုကိုသိန်းတို့အား နိုဝင်ဘာ ၂၃ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။

(မြန်မာ့အလင်း)

အရှေ့ပိုင်းဒေသများ၌ ညအပူရှိန်များကျဆင်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂၄

__ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၂ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၆ဒီဂရီစင်တီဂရိတ်၊ မင်းတပ်မြို့နှင့် ကသာမြို့တို့တွင် ၇ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းနှင့် မချမ်းဘောမြို့တို့တွင် ၈ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

__နိုဝင်ဘာ ၂၅ရက်ညနေအထိခန့်မှန်းချက်မှာ__ တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်မှအပ တစ်ပြည်လုံးတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းကျဆင်းနိုင်သည်။

__နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

__ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ သာယာမည်။

မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

ချစ်သားလေး မောင်ဝေမျိုးကျော်(M.M.M.C ဒု-နှစ်)၏ ၂၅-၁၁-၂၀၀၉ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်သည်အထိ ဖေဖေ၊မေမေ၊ ညီအစ်ကို မိသားစုနှင့်အတူတကွ သာယာပျော်ရွှင်ချမ်းမြေ့သော ဘဝခရီး လျှောက်လှမ်းရပြီး ပညာပြည့်ဝ နှလုံးလှသည့် သားရတနာ ဖြစ်ပါစေ-

ချစ်သောဖေဖေ - ဗိုလ်မှူးကြီးအောင်ငြိမ်း(ငြိမ်း)
ချစ်သောမေမေ - ဒေါ်စန်းစန်းလွင်
ချစ်သောအစ်ကို - ကိုဖြိုး၊ကိုရဲ။

နှစ်(၂၀)မြောက် မင်္ဂလာဆုတောင်း

ဒယ်ဒီ ဦးမျိုးထွန်း (EAGLE Colour Separtion)နှင့် မေမေ ဒေါ်မေခွန်လွင်ဦးတို့၏ ၂၅-၁၁-၂၀၀၉ရက်တွင် ကျရောက်သော နှစ်(၂၀)မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်ဇနီး၊ ချစ်သားသမီးတို့နှင့်အတူတကွ ပျော်ရွှင်စွာလက်တွဲနိုင်ပြီး တိုးတက်သာယာချမ်းမြေ့သော မိသားစုဘဝကို အမြဲထာဝရ ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး - မောင်အောင်မျိုးမင်း
ချစ်သမီးငယ် - သဇင်ဝတ်ရည်သင်း(ခ)လမင်းမိုမို။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၃၁၇၇၅ Honda Dream ND 125 ယာဉ်လက်ဝယ်ရှိသူ ဦးဉာဏ်ထွန်း ၁၄/ကကန(နိုင်)၀၀၆၇၁၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ပုသိမ်မြို့)။**

ပျောက်ဆုံးခြင်း

ဦးအောင်မိုး ၉/အမရ(နိုင်)၀၀၇၁၁၁ ကိုင် ယာဉ်အမှတ် ၁ဂ/၆၆၄၈ အခွန်ကျေပုံစံ(၁)အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၂၀-၀၁၉၃၃။**

မီး အစဉ်သတိပြု

တောင်ဥက္ကလာပမြို့နယ် အမက(၂၈) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၂၁ ရက်က ကျင်းပရာ ဒုတိယတန်း၌ ဆုရရှိသော မောင်သားညီကောင်းဆက်အား ကျောင်းအုပ်ဆရာကြီး ဦးသောင်းရွှေက ဆုချီးမြှင့်စဉ်။ (၁၃၅)

မီးဘေးကာကွယ်ရေး စုပေါင်းသန့်ရှင်း

ကျောက်ထု နိုဝင်ဘာ ၂၄

မကွေးတိုင်း ကျောက်ထုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မီးဘေးကြိုတင်ကာကွယ်ရေးအနေဖြင့် နိုဝင်ဘာ ၁၂ ရက်က အဖွဲ့ပိုင်ရုံးဝင်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုကို မြို့နယ်တာဝန်ခံ ဦးဉာဏ်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဘိုမင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(မြို့နယ်စည်ပင်)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ခု ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ဂုံးတဲ-ရေပြာ-နောင်ဘို-သောင်ကြီး-မြပဲခူးလမ်း ကျေးလက်ကျောက်ချောခင်းခြင်းလုပ်ငန်း ကျောက်စုဆောင်းထားရှိမှုကို နိုဝင်ဘာ ၆ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လက်ထပ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ်(၁၈/စီ)နေ
ဦးသာဌေး-ဒေါ်ကြည်ခင်(Original Group Co., Ltd. မိသားစု)တို့၏သားထွေး

မောင်ရှိုင်းသာဌေး
B.Sc (Geology)
(Director , Original Group Co., Ltd.)

နှင့်

ရန်ကုန်မြို့နေ
ဦးကြည်သိန်း-ဒေါ်စန်းစန်းဝင်း(မေတ္တာတံခွန်ဆေးခန်း၊ အင်းစိန်မြို့နယ်)တို့၏သမီး

မနှင်းဝေဝေ
B.A (English), B.Ed

တို့၏ ၂၁-၁၁-၂၀၀၉ရက် (စနေနေ့) နံနက်ခင်းတွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့များပေးပို့သော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့်ဇနီး၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့်ဇနီး ဒေါ်ခင်မြချစ်၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်တက်ရောက် ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ငန်းရှင်များအားလည်းကောင်း၊ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၇-၁၀-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် Sedona Hotel(ရန်ကင်းခန်းမ)၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဦးရဲလင်းနှင့် ဒေါ်အိအိခင်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကြဲပေးသော မမာလာမြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မအိသူသူအောင်နှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မအေးသီတာမြင့်၊ သတို့သားအရံ ဒေါက်တာသူရကိုကိုနှင့် မောင်အေးထူးနိုင်၊ သတို့သမီးအရံ မစိုးနန္ဒာလှိုင်နှင့် မမေသွယ်ထူး၊ မင်္ဂလာဝတ်စုံချုပ်လုပ်ဆင်မြန်းပေးသော မဇွန် (Zu Zu Collection)၊ မိတ်ကပ်နှင့်ဆံပင် အလှဆင်မြန်းပေးသော မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာပန်းများအလှဆင်ပေးသော လင်းလင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော(KAI)နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး အဖြစ်ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော တေးသံရှင်များနှင့် တီးခတ်ပေးသော Emperor အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများပုံနှိပ်ပေးသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော Original Group Co., Ltd. မှဝန်ထမ်းများ၊ Performer Area Co., Ltd. မှ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူပုဂ္ဂိုလ်များအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရှိုင်းသာဌေး-မနှင်းဝေဝေ။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ (၂)လမ်း၊ အမှတ်၃(က)နေ
ဦးမျိုးညွန့်-ဒေါ်ခင်အေးလှိုင်တို့၏သားကြီး

ဗိုလ်ဇင်မျိုးထက်
B.Sc (Maths), (D.S.A)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သီတာလမ်း၊ အမှတ်၂၇နေ
ဦးစိုးလွင်-ဒေါ်သင်းသင်းတို့၏သမီးကြီး

မစိုးစန္ဒာလွင်
B.Pharm (Ygn)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၄-၆-၂၀၀၉ရက်တွင် ဂန့်ဂေါမြို့၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဇင်မျိုးထက်-မစိုးစန္ဒာလွင်။



မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၉၇၆၃၊ Datsun AGD 21, P/U (4 x 2) R ယာဉ်လက်ဝယ်ရှိသူအမည် ဦးအေးဟန် မှတ်ပုံတင်အမှတ် ၁၄/သပန(နိုင်)၀၀၄၃၀၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ရန်ကုန်မြို့။

ကောင်းသတင်း ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ (မှတ်ပုံတင်အမှတ် ၆၆၁/၂၀၀၉)

- ♦**(၁၁)ည(၁၂)ရက်ခရီးစဉ်** -ဗုဒ္ဓဂယာ၊သံဝေဇနိယလေးဌာန **ကျပ် (၈၇၀၀၀၀) စရိတ်ငြိမ်း**
- ♦**(၁၄)ည(၁၅)ရက်ခရီးစဉ်**-ဗုဒ္ဓဂယာ၊သံဝေဇနိယလေးဌာန၊အဝိဇဟိတလေးဌာန၊အာဂရာ(တပ်ချ်မဟာ)၊ နယူးဒေလီမြို့တော် **ကျပ် (၉၄၀၀၀၀) စရိတ်ငြိမ်း**
- ♦**(၁၇)ည(၁၈)ရက်ခရီးစဉ်**-ဗုဒ္ဓဂယာ၊သံဝေဇနိယလေးဌာန၊အဝိဇဟိတလေးဌာန၊အာဂရာ(တပ်ချ်မဟာ)၊ နယူးဒေလီမြို့တော်၊ ကိုလ်ကတ္တားမြို့ **ကျပ် (၉၉၀၀၀၀) စရိတ်ငြိမ်း**

နှစ်သစ်ကူးကာလ အထူးအစီအစဉ်

♦(၂၀၀၉-၂၀၁၀)နှစ်သစ်ကူးကာလအထူးအစီအစဉ်အနေဖြင့် ဘုရားဖူး(၃၂)ဦးတွင် လေယာဉ်လက်မှတ်(၃)စောင် ကံစမ်းမဲဖောက်၍ မေတ္တာတုံ့ပြန်ပေးမည်ဖြစ်ပါသည်။ နိုင်ငံကူးလက်မှတ်ရှိပြီးသူ(၁)ဦးလျှင် ကျပ်(**၃၀၀၀၀**)တိတိ ထပ်မံလျှော့ပေးပါမည်။ မရှိသေးသူများကိုလည်း ပြုလုပ်ပေးပါမည်။(**အထက်ဖော်ပြပါ စရိတ်တွင်ပါပြီး**)

မည်သည့်အကြောင်းနှင့်မျှပတ်သက်၍ ပြည်တွင်း/ပြည်ပတွင် ငွေကြေးထပ်မံကောက်ခံခြင်းမရှိကြောင်း အာမခံပါသည်။

ဆက်သွယ်ရန် ➤ အမှတ်-၄၂၊မအူပင်လမ်း၊စမ်းချောင်းမြို့နယ်။ ဖုန်း-၂၁၆၁၆၄၊ ၀၉၂၄ ၅၀၁၄၉၊ ၀၉၅၁ ၁၂၄၃၇

ရေယာဉ်လေလံကြော်ငြာ

၁။ ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးမှ ဖမ်းဆီးရမိရေယာဉ် ၁၅ စင်းအား လေလံတင်ရောင်းချပွဲများကို အောက်ဖော်ပြပါ မြို့/ရက်များ အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

စဉ်	ရေယာဉ်အမည်/ အမျိုးအစား	အတိုင်းအတာ (ပေ)	အင်ဂျင် မြင်းကောင်ရေ
မြိတ်ဒေသ (၂၇-၁၁-၂၀၀၉)ရက်			
၁	သဇင်မျိုး(သစ်ခိုးလှေ)	၅၉.၃×၁၄×၃.၃	မစ်ဆူဘီရှီ (၄)လုံးထိုး၊ မြင်း-ဖတ်မရ
၂	မိဘမေတ္တာ (သစ်ခိုးလှေ)	၅၉.၃×၁၀.၉×၃.၁၀	မစ်ဆူဘီရှီ (၄)လုံးထိုး၊ မြင်း-ဖတ်မရ
၃	အမည်မဲ့ (ငါးဖုံးခွဲလှေ)	၆၃×၁၀.၃×၄	ဟီးနိုးအီးအိပ်ချ် 7C-(၆)လုံးထိုးအင်ဂျင်၊ မြင်း-၁၃၀
၄	အမည်မဲ့ (သစ်ခိုးလှေ)	၅၂×၁၃×၆	တရုတ်နီ S-1100 HONELEI အင်ဂျင်၊ မြင်း-၁၈
၅	စိုးမြတ်ဟိန်း(မှောင်ခိုလှေ)	၅၅×၁၃×၅	ဟီးနိုးအီးအိပ်ချ်-၇၀၀ (၆)လုံးထိုးအင်ဂျင် မြင်း-၁၆၀
ကျောက်ဖြူဒေသ (၂၇-၁၁-၂၀၀၉)ရက်			
၁	အမည်မဲ့ (သစ်ခိုးလှေ)	၄၂×၁၁×၅	ဟီးနိုးအီးအိပ်ချ်-၅၀၀ (၆)လုံးထိုးအင်ဂျင်၊ မြင်း-၁၂၀
ကော့သောင်းဒေသ (၃၀-၁၁-၂၀၀၉)ရက်			
၁	စိန်ရွှေဖြူ(၁) (မီးသွေးမှောင်ခိုလှေ)	၅၄×၁၀.၅×၅	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း - ၂၅(၁)လုံး ဝူလင်းအင်ဂျင်၊ မြင်း - ၂၅(၁)လုံး
စစ်တွေဒေသ (၃၀-၁၁-၂၀၀၉)ရက်			
၁	ဇွဲ (သစ်မှောင်ခိုလှေ)	၄၅×၁၂×၅	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း-၂၅
၂	အမည်မဲ့(သစ်မှောင်ခိုလှေ)	၃၆×၇×၃	ချင်ဖားအင်ဂျင်၊ မြင်း-၁၈
၃	အမည်မဲ့(နွားမှောင်ခိုလှေ)	၃၉×၉.၅×၂.၅	ဂျေဒီတရုတ်အင်ဂျင်၊ မြင်း-၃၀
၄	အမည်မဲ့(သစ်မှောင်ခိုလှေ)	၄၆×၁၀×၅	ဟီးနိုးအီးအိပ်ချ်-၃၀၀၊ မြင်း-၁၂၀
၅	အမည်မဲ့ (ကျွဲ/နွားမှောင်ခိုလှေ)	၄၆×၉×၄	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း-၂၅
မန္တလေးဒေသ (၃၀-၁၁-၂၀၀၉)ရက်			
၁	အမည်မဲ့ (သစ်ခိုးလှေ)	၄၆×၈×၂.၅	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း-၂၂
၂	အမည်မဲ့ (သစ်ခိုးလှေ)	၄၃×၉×၃	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း-၁၂.၂၅
၃	အမည်မဲ့ (သစ်ခိုးလှေ)	၄၂×၇×၂	အင်ဂျင်မပါ

၂။ လေလံတင်ရောင်းချခြင်းအား အသေးစိတ်သိလိုပါက ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးနှင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ စုံစမ်းနိုင်ပါသည်။

ဖမ်းဆီးရမိရေယာဉ်များကြီးကြပ်ကွပ်ကဲရေးအဖွဲ့ စစ်ထောက်ချုပ်ရုံး

စစ်ထောက်ချုပ်ရုံး - ဖုန်း-၀၃၆-၃၁၀၉၅၊ ၀၃၆-၃၁၁၁၈
မြိတ်ဒေသ - ဖုန်း-၀၅၉-၄၁၈၀၃၊ ၀၃၁-၄၀၀၆၉၊ ၀၃၁-၄၀၀၆၈
ကျောက်ဖြူဒေသ - ဖုန်း-၀၃၂-၃၃၀၂၁၊ ၀၃၂-၃၃၀၂၅
ကော့သောင်းဒေသ - ဖုန်း-၀၅၉-၅၁၆၆၁
စစ်တွေဒေသ - ဖုန်း-၀၄၃-၂၃၈၃၃၊ ၀၄၃-၂၃၉၉၅
မန္တလေးဒေသ - ဖုန်း-၀၃၃-၃၃၀၇၉၊ ၀၃၃-၃၃၀၈၅။



Foreign Affairs

ဒေါ်လာအပျော့နှင့်အမာ ဘာကိုရွေးမလဲ အမေရိက၊ အတန်းဖော်ကျောင်းသားကို သေအောင်ရိုက်နှက်ခြင်းကြောင့် ဂျပန်အထက်တန်းကျောင်းသားငါးဦးကို ရဲကဖမ်းဆီး၊ အရက်မူးနေသည့် ဇနီးမောင်နှံ သုံးနာရီအတွင်း ယာဉ်တိုက်မှု သုံးကြိမ်ကျူးလွန်၊ Facebook မပိတ်ထားဟု ဗီယက်နမ်ငြင်းဆန်၊ ခမာနီတပ်မှူး ဒုတ်ချ်ကို ခုံရုံးတင်စစ်ဆေးမှု မကြာမီအဆုံးသတ်တော့မည်။ ဖွန်လဆန္ဒပြပွဲတွင်ပါဝင်ခဲ့သူ အီရန်ဒုတိယသမ္မတဟောင်းထောင်ဒဏ်ခြောက်နှစ်ချမှတ်ခံရ၊ မိုက်ကယ်ဂျက်ဆင်၏ လက်အိတ်ဒေါ်လာ ၃၅၀၀၀၀ဖြင့်ရောင်းချရ၊ တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်အကြိမ်ပေါင်း ၂ဒသမ၃သန်း တိုက်ခိုက်ခံရ၊ ဘရာဇီးလေကြောင်းကုမ္ပဏီများ ကြံပင်မှရသော လောင်စာဆီဖြင့် စမ်းသပ်ပျံသန်း၊ ဗြိတိန်ဘုရင်မကြီး မင်္ဂလာသက်တမ်း ၆၂ နှစ်ပြည့်ပါတီကျင်းပ။

တနင်္သာရီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ဆောင်ရွက်ထားရှိမှု အခြေအနေကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်သက်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဟားခါး၌ အမြန်ယာဉ်ငယ်အသင်းဂိတ်ဖွင့်

ဟားခါး နိုဝင်ဘာ ၂၀

ချင်းပြည်နယ် ဟားခါးမြို့ စိုးမိုးသူ (ဗင်) အမြန်ယာဉ်ငယ်အသင်း လက်မှတ်အရောင်းဌာန ဂိတ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ရက် နံနက် ၁၀နာရီက ဟားခါးမြို့ ဈေးသစ်ရပ်ကွက် အဆိုပါဂိတ်ရှေ့၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲတွင် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် အဖွဲ့ဝင်များ၊ စိုးမိုးသူ (ဗင်) အမြန်ယာဉ်ငယ်အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ပြောဆို

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အသင်းကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်း၍ လိုအပ်သည်များမှာကြားကာ ဟားခါး-ကလေးလမ်းကြောင်းကို စတင်ပြေးဆွဲကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိတ္တောကျေးရွာ စက်ရေတွင်း၊ ရေစက်ရုံနှင့် ရေ ကန်ပြင်ဆင်ထိန်းသိမ်းမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း အပိုင်း(၂)ကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ဆန်းဦး ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး မင်းတုန်းမြို့နယ် ပြန်/ဆက်ရုံး၌ ဆွေးနွေး

သရက် နိုဝင်ဘာ ၂၂

သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးလှမျိုးအောင်သည် နိုဝင်ဘာ ၁၈ရက် မွန်းလွဲပိုင်းက မင်းတုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဌာန၏လုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ စေတနာထား၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ထောက်ရပ်အုပ်စု ကျီးကန်ရွာ ပညာဘဏ်စာကြည့်တိုက်နှင့် မယ်ဇလီအုပ်စု မယ်ဇလီရွာ စာပေအလင်းရောင်စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးဆွေးနွေးပြီး စာငှားစနစ် လက်တွေ့ဆောင်ရွက်ပုံတို့ကို ရှင်းလင်းပြသသည်။

ဆက်လက်၍ နိုဝင်ဘာ ၁၉ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးသာညွန့်၊ မြို့နယ်ဦးစီးမှူး ဦးခင်ဝင်းနှင့် ဝန်ထမ်းများက နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်နေသည့် ဘူးတောင်းကျေးရွာ ဘဝမီးအိမ်စာကြည့်တိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပစ္စည်းစုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းနှင့်အဖွဲ့ဝင်များက ရှင်းလင်း ပြသသည်။ **(ခရိုင် ပြန်/ဆက်)**

ဂန့်ဂေါမြို့နယ်ဥက္ကဋ္ဌ ကျေးရွာစာကြည့်တိုက်များ ကွင်းဆင်းကြည့်ရှု

ဂန့်ဂေါ နိုဝင်ဘာ ၁၉

ဂန့်ဂေါမြို့နယ် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်သည် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်နှင့်အတူ နိုဝင်ဘာ ၁၁ရက်က ဂန့်ဂေါမြို့နယ် ကန်ကျေးရွာ သုတရတနာစာကြည့်တိုက်၊ တောင်ခင်ရန်ရွာ သုတစွယ်စုံ စာကြည့်တိုက်နှင့် နှမ်းခါးကျေးရွာဖူးပွင့်ဝေစာကြည့်တိုက်နှင့် ရွှေဘိုရွာ အလင်္ကာစာကြည့်တိုက်တို့သို့ သွားရောက်ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ (ဝ၇၁)

မြို့နယ် သတင်းများ

စေတနာညကျောင်း မင်းတပ်မြို့၌ဖွင့်

မင်းတပ် နိုဝင်ဘာ ၁၈

စေတနာညကျောင်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၂ရက် ညနေ ၃နာရီက မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပရာ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ရီက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းက စေတနာညကျောင်း ဖွင့်လှစ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးကျော်စိန်က စေတနာညကျောင်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်များ ဆောက်လုပ်ရန် မတည်ငွေပေးအပ်ပွဲ မော်လမြိုင်ခရိုင် ပြန်/ဆက် ဦးစီးရုံး၌ ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၂

၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်မတည်ငွေဖြင့် ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ရက်က မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်၊ မော်လမြိုင်ခရိုင် ဦးစီးအရာရှိ၊ မော်လမြိုင်မြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စာကြည့်တိုက်ဆောက်လုပ်ခွင့်ရရှိသော နောင်ခရီအုပ်စု အောင်မင်္ဂလာ (၂) ကျေးရွာနှင့် ကျုံမနင်းကျေးရွာဥက္ကဋ္ဌများနှင့် ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက်များဆောက်လုပ်ရန် နိုင်ငံတော်မတည်ငွေ ပေးအပ်ခြင်းရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ခိုင်မာအဆောက်အအုံဖြစ်ပေါ်ရေးကို ဆွေးနွေးပြီး ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်ရန် မတည်ငွေများကို ပေးအပ်ခဲ့သည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကျောင်းကုန်း အထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် ငွေပဒေသာပင် ထပ်မံစိုက်ထူ

ကျောင်းကုန်း နိုဝင်ဘာ ၂၀

ကျောင်းကုန်းအထက(၁)ကျောင်းသားကျောင်းသူဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရေး စေတနာရှင် ဂါဒီယန် ဦးစိန်ဝင်းတို့အား ဂါရဝပြုပူဇော်ပွဲကို နိုဝင်ဘာ၁၁ရက် မွန်းလွဲ ၁နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အထက (၁)ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

လှူဒါန်း

အခမ်းအနားတွင် ၁၉၅၂ခုနှစ်မှ၂၀၀၉ ခုနှစ်အထိ အထက(၁)တွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)နှင့်အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီး ၈ဦးနှင့် ပညာရေး စေတနာရှင် ဂါဒီယန် ဦးစိန်ဝင်းတို့အား ပူဇော်ကန်တော့ကြရာ ဆရာကြီးများ ဖြစ်ကြသော ဦးထွန်း၊ ဦးအောင်ကြွယ်၊ ဦးအုန်းမောင်၊ ဦးဘစီနှင့် ဦးတင်အေးတို့က သြဝါဒစကား ပြောကြား၍ ကျောင်းသားကျောင်းသူဟောင်းများက လှူဒါန်းငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ဖတ်ကြား

ဆက်လက်ပြီး ပူဇော်ပွဲနှင့်ပတ်သက်၍ ဦးစီးကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးသာရွှေ၊ ဦးစောနိုင်(ရန်ကုန်)တို့က ရှင်းလင်းပြီး ရသုံးငွေစာရင်းကို ဘဏ္ဍာရေးမှူး ဦးသန်းမြင့်က ဖတ်ကြားသည်။

၂၀၀၉ခုနှစ်တွင်ထာဝရငွေပဒေသာပင် အဖြစ်ငွေကျပ် ၁၀သိန်းကျော် ထပ်မံစိုက်ထူရာ ယခုနှစ်အပါအဝင် စုစုပေါင်း ထာဝရငွေပဒေသာပင်အဖြစ် ငွေကျပ်သိန်း ၅၀ ကျော် စိုက်ထူနိုင်ခဲ့သည်။ (၁၅၄)

တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း လုပ်ငန်းဖြစ်သော မိုင်းဖုန်း(ခ)အုပ်စု ပါတောင်းကျေးရွာ မြေသားလမ်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးလှမျိုးဦးဆောင်သော အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်မှုကို နိုဝင်ဘာ ၅ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝမ်းမောင် ကွင်းဆင်းကြပ်မတ်စဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်ပြည်သူများ လေ့လာဖတ်ရှုနိုင်ရေး ဂျာနယ်မျိုးစုံလှူဒါန်း

ရေစကြို နိုဝင်ဘာ ၂၀

ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များတွင်ထားရှိ၍ ကျေးလက်ပြည်သူများ လေ့လာဖတ်ရှုနိုင်ရေးအတွက် နိုဝင်ဘာ ၄ရက်က ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းယုမော်ထံသို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ် (၀၃၆၇) ဆိုင်မန်နေဂျာ ဦးတင်ဝင်း-ဒေါ်ဘေဘီခင် မိသားစုတို့က ဂျာနယ်စာစောင်မျိုးစုံ ၆၈၄စောင်ကို လှူဒါန်းရာ မြို့နယ်ဦးစီးမှူးက လက်ခံယူသည်။

အဆိုပါ ဂျာနယ်စာစောင်များကို မြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စနစ်တကျခွဲဝေလှူဒါန်းသွားမည်ဖြစ်ရာ လှူဒါန်းလိုသောအလှူရှင်များသည် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ချက်ညီညွတ်ရေး
လင်းခေးမြို့နယ် တောင်ပိုင်းကျေးရွာများ၌ ဆောင်ရွက်

လင်းခေး နိုဝင်ဘာ ၂၀

လင်းခေးမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးသည် မြို့နယ်ဦးစီးမှူး ဒေါ်နန်းအေးခိုင် လိုက်ပါလျက် အောက်တိုဘာ ၃၀ရက်က တောင်ပိုင်းကျေးရွာများဖြစ်သော နမ့်တွန်၊ နားလင်း၊ ဝမ်တိန်း၊ ဆောင်ကျဲ၊ ဟန်လွိုင်နှင့်ဝမ်ဟတ်ကျေးရွာများသို့ စာကြည့်တိုက် လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးကြသည်။

အခမ်းအနားတွင် ဝမ်ဟတ်ကျေးရွာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းလုံက နိုင်ငံတော်မှထောက်ပံ့သော စာကြည့်တိုက် အဆောက်အအုံအတွက် ရရှိသည့် ထောက်ပံ့ငွေကျပ် ၁၀သိန်းဖြင့် အဆောက်အအုံအတွက် သစ်၊ သဲ၊ အုတ်များ စုဆောင်းမှုကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက စာကြည့်တိုက် အဆောက်အအုံကို သတ်မှတ်သည့် ပုံစံအတိုင်း သုံးလအတွင်း အပြီးဆောက်လုပ်ရေး၊ စာကြည့်တိုက်ရန်ပုံငွေ ထူထောင်ရေးစသည်များကို ဆွေးနွေးသည်။

ယင်းနောက် မြို့နယ်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က စာကြည့်တိုက်ရှင်သန်ခိုင်မာရေး အတွက် စံ(၅)ချက်နှင့်ပြည့်စုံညီညွတ်ရေး၊ စာအုပ်စာစောင်များ စနစ်တကျမှတ်ပုံတင် ထိန်းသိမ်းထားရှိရေးနှင့် စာငှားစနစ် ကျင့်သုံးရေးများကို ရှင်းလင်းဆွေးနွေးရာ စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြန်လည် ဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်ကြီးမြို့၌ မီးသတ်ဝတ်စုံများ ထောက်ပံ့ပေးအပ်

တောင်ငူ နိုဝင်ဘာ ၁၄

မီးသတ်ဦးစီးဌာနမှ ထောက်ပံ့သော မီးသတ်ဝတ်စုံများအား မီးသတ်တပ်ဖွဲ့ဝင်များသို့ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ရက် နံနက်ပိုင်းက တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မုန်းကျေးရွာ၌ ကျင်းပရာ မုန်းကျေးရွာအုပ်စုအတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင် ၈၈ ဦးတို့အား တောင်ငူခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးသန်းက မီးသတ်ဝတ်စုံများပေးအပ်သည်။

(၀၄၇)

သရက်၌ ယာဉ်နှင့်လမ်းစည်းကမ်း ပညာပေးဟောပြော

သရက် နိုဝင်ဘာ ၁၈

သရက်ခရိုင် သရက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမ၌ နိုဝင်ဘာ ၁၂ရက် မွန်းလွဲပိုင်းက ယာဉ်စည်းကမ်းနှင့်လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်လှလှမြင့်က အမှာစကားပြောကြားပြီး သရက်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးမြသောင်းက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဖြစ်ပေါ်လာပုံအကြောင်း **(အပေါ်ပုံ)**၊ မြို့နယ်တရားသူကြီး ဦးဝင်းဦးက တရားရေးဆိုင်ရာ ဥပဒေများအကြောင်း၊ သရက်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးသန်းတင့်က အနေးယာဉ်နှင့် မော်တော်ဆိုင်ကယ် စီးနင်းသူများ လိုက်နာရန် စည်းကမ်းများအကြောင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ သရက်ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့က သရုပ်ပြသကြကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးကျော်လေးက လမ်းစည်းကမ်းများအကြောင်းတို့ကို ဟောပြောဆွေးနွေးကြသည်။ အဆိုပါဟောပြောပွဲသို့ ကျောင်းသားကျောင်းသူ ၆၅၀၊ ဆရာ ဆရာမများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရေးအတွက် အဖွဲ့ပိုင်လုပ်ငန်းသုံး ယာဉ်စက်များ၏ ကြံ့ခိုင်ရေး ဆောင်ရွက်နေမှုများကို အမှုဆောင်အရာရှိ ဦးခင်မောင်ခကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် မြို့လှကျေးရွာသွား အောင်မင်္ဂလာ သုမ္ဗာလမ်း ကတ္တရာထပ်ပိုးလွှာခင်းမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးသိန်းကျော်ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ)ဒေါ်ညိုညိုက ရှင်းလင်းတင်ပြစဉ်။ (၁၆၉)

ကျောက်ပန်းတောင်းမြို့ အထက(၂)
အာစရိယပူဇော်ပွဲနှင့် ငွေပဒေသာပင်စိုက်ထူ

ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၉

ကျောက်ပန်းတောင်းမြို့ အထက (၂) (ယခင်စံပြကျောင်းဟောင်း) (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကွယ်လွန်သွားကြသော ဆရာကြီး ဆရာမကြီးများအား ရည်စူး၍ လှူဒါန်းခြင်း၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း ပညာသင်နှစ်တွင် အမှတ်အများဆုံး ဂုဏ်ထူးရှင်သုံးဦးတို့အား ဂုဏ်ပြုချီးမြှင့်ခြင်း၊ နှစ်စဉ်အာစရိယပူဇော်ပွဲကျင်းပနိုင်ရေး ထာဝရငွေပဒေသာပင်များ စိုက်ထူလှူဒါန်းခြင်းနှင့် အထက(၂) ကျောင်းစာကြည့်တိုက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတရသ စာအုပ်များ လှူဒါန်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၆ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် အထက(၂) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ကိုဌေးလွင် ဖုန်း-၀၉-၅၁၅၅၆၁၃၊ ဗိုလ်ကြီးသိန်းစိုးဦး (ငြိမ်း)ဖုန်း-၀၉-၅၀၂၃၁၁၆၊ ကိုဝင်းနိုင် (ဘုရင့်နောင်) ဖုန်း-၀၉-၅၁၅၂၆၅၊ မသန်းသန်းဝင်းနှင့် ညီမများ ဖုန်း-၀၁-၂၄၈၀၂၀၊ ကိုဗိုလ်ကျော် (မေယုရွှေဆိုင်) ဖုန်း-၀၉-၅၁၄၈၄၅၁၊ကိုဝင်းနိုင်ဖုန်း-၀၆၁-၅၀၅၇၁၊ မအေးမြင့်သန်း (အထက-၂) ဖုန်း-၀၆၁-၅၀၅၈၆၊ ကိုသိန်းထွန်းဦး ဖုန်း-၀၉-၂၂၂၁၁၉၊ ကိုဝင်းမော်(မန္တလေး) ဖုန်း-၀၉-၂၀၂၆၅၄၅နှင့် ကိုဆန်းထူး (နတ်မောက်) ဖုန်း-၀၆၃-၆၉၁၀၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(ပညာရေး)

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမာခံကျောက်ရောလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်

အင်းတော် နိုဝင်ဘာ ၂၀

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းဖြစ်သော ဂျုံးဂျုံးဂျကျေးရွာမှ ရွှေဘို-မြစ်ကြီးနားကားလမ်းရှိ မအူကုန်းရွာသို့ ဆက်သွယ်သွားလာသည့် မြေသားလမ်း အရှည်ပေ ၆၇၈၀၊ အကျယ် ၁၈ပေ နှင့် အမြင့် ၁ပေကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၅ရက်က အဆိုပါလမ်းအား အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူများ စုပေါင်းပြီး အမာခံကျောက်ရောမြေလမ်းအဆင့်သို့ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြသည်။ (၀၃၀)

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဈေးကုန်းရပ်ကွက် နဝဒေးကတ္တရာလမ်းပေါ်မှ အပေါက်များ၊ ချိုင့်ခွက်များ ဖာထေးပြုပြင်မှုကို အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ် ဆောင်ရွက်စဉ်။ (၀၁၁)

အောင်မြေသာစံ ထွေ/အုပ်ဦးစီးဌာန မိသားစုနေ့ အထိမ်းအမှတ်ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၉

မန္တလေး အောင်မြေသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုနေ့ အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၇ရက် မွန်းလွဲ ၁နာရီက ကမ်းနားလမ်း မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မိသားစုနေ့အကြောင်း ရှင်းလင်းပြောကြားပြီး ဝန်ထမ်းဦးစိုးနိုင်၏ သား ၂၀၀၉ခုနှစ် အခြေခံပညာအထက်တန်းတွင် သုံးဘာသာ ဂုဏ်ထူးရရှိသဖြင့် ငွေကျပ်သုံးသောင်းနှင့် ဝန်ထမ်း ၄၆ဦးအား တစ်ဦးလျှင် စာမျက်နှာ ၈၀ပါ ဗလာစာအုပ် ၁၂ အုပ်နှင့်ခဲတံ၁၂ချောင်းတို့ကိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ မြို့နယ်စည်းကမ်းထိန်းသိမ်းရေးနှင့် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေတို့က ပေးအပ်ပြီး ဝန်ထမ်းများအား ပျော်ပွဲရွှင်ပွဲအဖြစ် ဗလာမပါ ကံစမ်းမဲဖောက်၍ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဂုဏ်ပြု လက်ဆောင်

ထို့နောက် မြို့နယ်လူပ်ရှားမှု သတင်းများကို စေတနာဖြင့် ပါဝင်ကူညီရေးသားပေးသော သတင်းထောက် ဦးထွဏ်းလှအောင်အား မြို့နယ်ဥက္ကဋ္ဌက ဂုဏ်ပြုလက်ဆောင် ပေးအပ်ကြောင်း သိရသည်။ **(ဝဲပုံ)** **(၀၉၀)**

ချောင်းဆုံမြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေး ဟောပြော

ချောင်းဆုံ နိုဝင်ဘာ ၁၉

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်ဖြင့် မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးကြပ်၍ ချောင်းဆုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၆ရက်က ကလို့ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းလင်းက ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာများ အသိပညာ ပေးဟောပြောပြီး ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားကာ ကျေးရွာရှိ အလင်းစေတမန်စာကြည့်တိုက်သို့ ငွေကျပ် ၄၅၀၀၀တန်ဖိုးရှိ ငွေပင်လယ် ဂျာနယ် ၁၅ စောင် လှူဒါန်းသည်။

ဟောပြောပွဲ

အလားတူဟောပြောပွဲကို မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၀၉ခုနှစ်အတွင်း ရေလုပ်ငန်း လုပ်ကိုင်သော ကျေးရွာများဖြစ်သည့် ဓနီကုန်း၊ နတ်မှော်၊ ကော့မုပွန်၊ ဆယ်ပလာ၊ ကမာကေး၊ ကလော့၊ ကညော်စသည့် ခုနစ်နေရာ၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ပြည် - ပေါက်ခေါင်း - တောင်ငူလမ်း အဆင့်မြှင့်ပြုပြင်ခြင်းပြီးစီးပါက ပဲခူးရိုးမကိုဖြတ်ကျော်၍ ပြည်မှတောင်ငူသို့ ရာသီမရွေး သွားလာနိုင်တော့မည်

သတင်းဆောင်းပါး - ရန်ကြီးအောင်
ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန်း (သတင်းစဉ်) နှင့် ဆောက်လုပ်ရေး
စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး (မြန်မာ့အလင်း)

နေပြည်တော် နိုဝင်ဘာ ၂၄

ပဲခူးရိုးမသည် သဘာဝသယံဇာတများ ပေါကြွယ်ဝသော ဒေသဖြစ်သည်။ သစ်နှင့် သစ်တောထွက်ပစ္စည်းများ အလျှံပယ်ထွက်ရှိသည်။ ထို့အပြင် သဘာဝတောရိုင်းတိရစ္ဆာန်များလည်း မှီတင်းနေထိုင်ကြသည်။ ထို့ကြောင့် ပဲခူးရိုးမသည် နိုင်ငံတော်၏ အဖိုးမဖြတ်နိုင်သော ရတနာမြေတစ်ခုပင်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

စက်ယန္တရားများဖြင့် လမ်းတိုးချဲ့ပြုပြင်နေသည်ကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အမျိုးသားများ ဒေါသကို မျိုသိပ်ချုပ်တည်းရမှု နှလုံးရောဂါဖြစ်နိုင်ဟုဆို

လုပ်ငန်းခွင်၌ မတော်မတရား ဆက်ဆံခံရသည့်အခါ၌ ပွင့်လင်းစွာ ထုတ်ဖော်မပြောရဘဲ ဒေါသကို ချုပ်တည်းကြရသည့် အမျိုးသားများအနေဖြင့် သာမန်ထက် နှလုံးရောဂါဖြစ်ရန် နှစ်ဆပိုများကြောင်း ဆွီဒင်သုတေသီများက လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။

စာမျက်နှာ ၉ ကော်လံ ၅ ■

အီဒွလ်အသွာဟာ (ဘက္ကရီးအီးဒ်) နေ့ အလုပ်ပိတ်ရက်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သည် ၁၃၇၁ခုနှစ် နတ်တော်လဆန်း ၁၂ရက် (၂၀၀၉ခုနှစ် နိုဝင်ဘာ၂၈ရက်) စနေနေ့မှာ အီဒွလ်အသွာဟာ(ဘက္ကရီးအီးဒ်)နေ့ ဖြစ်သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာထားသည်။ (သတင်းစဉ်)